မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် ၂၀၂၆ ခုနှစ်၊ မေ ၁၂ ရက်၊ အင်္ဂါနေ့ အတွဲ (၆၅)၊ အမှတ်(၂၁၉)

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း (၉)ကြိမ်မြောက် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း (၉)ကြိမ်မြောက် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာသင်တန်းဖွင့်ပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် မေ ၁၁

မြန်မာ့တပ်မတော်မှအရာရှိ၊ စစ်သည်များအနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းတာဝန်များသိရှိနိုင်စေရန်အတွက် မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့ ပူးပေါင်းဖွင့်လှစ်သော ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာသင်တန်း (UN Peacekeeping Officer Course) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ PARK ROYAL ဟိုတယ်၌ ပြုလုပ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ စစ်သံမှူးများ၊ အိန္ဒိယတပ်မတော်မှ နည်းပြအရာရှိများ၊ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လေ့လာကြည့်ရှု

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်အဖွဲ့ဝင်များသည် အိန္ဒိယတပ်မတော်အနေဖြင့် UN Peacekeeping ဆိုင်ရာလုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်ခဲ့မှု မှတ်တမ်းများနှင့် မြန်မာ-အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာလေ့ကျင့်ခန်းများတွင် ပူးပေါင်းလေ့ကျင့်ခဲ့မှု မှတ်တမ်းများအား လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ယနေ့ မိုးလေဝသ (၁၂-၅-၂၀၂၆)

နေပြည်တော်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။
ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်

နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။
ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေး

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။
ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

အမြင့်ဆုံး နေ့အပူချိန်များ (၁၁-၅-၂၀၂၆)

ကော့ကရိတ်မြို့	၃၈	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
ဘားအံမြို့	၃၈	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်
ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ)	၃၈	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်
ထားဝယ်မြို့	၃၇	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
မော်လမြိုင်မြို့	၃၇	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မုဒုံမြို့	၃၆	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
သိမ်ဗျောပ်မြို့	၃၆	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
မြိတ်မြို့	၃၆	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
မြဝတီမြို့	၃၆	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်
သာယာဝတီမြို့	၃၆	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်

ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုးအဆောက်အအုံများ၏ ခေတ်အလိုက် အုတ်မြစ်တည်ဆောက်မှုစနစ်အား တူးဖော်သုတေသနပြုလျက်ရှိပြီး မည်သူမဆို လာရောက်လေ့လာနိုင်

ညောင်ဦး မေ ၁၁

ပုဂံဒေသရှိ ခေတ်အဆက်ဆက် တည်ဆောက်ခဲ့သော ရှေးဟောင်းစေတီပုထိုး အဆောက်အအုံများ၏ မြေပြင်အောက်တွင် တည်ဆောက်ခဲ့သည့် အုတ်မြစ်တည်ဆောက်မှုစနစ်အား သိရှိနိုင်ရန် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) သုတေသနဌာနစုက တူးဖော်သုတေသနပြု လေ့လာလျက်ရှိသည်။

၂၀၂၃ ခုနှစ်မှစ၍ ခေတ်ကာလ မတူညီသော ရှေးဟောင်းစေတီပုထိုး အဆောက်အအုံ ၁၂ ခု၏

စာမျက်နှာ ၃ ကော်လံ ၁ ❐

ယနေ့ ဖတ်စရာ

မှိုမျိုးစုံ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးရေးဆီသို့ ... ဆောင်းပါး စာ ၆

ပညာရေးဖြင့် တည်ဆောက်သော ငြိမ်းချမ်းရေး ပဋိပက္ခ ကင်းစင်သည့် အနာဂတ်ဆီသို့ ဆောင်းပါး စာ ၁၆

တောင်သူတွေ ဝင်ငွေတိုးစေဖို့ ဂျုံသီးနှံကို တိုးချဲ့စိုက်ကြစို့

ဆောင်းပါး စာ ၁၀

သဘာဝဘေးပညာပေးမှုများ အလေးထားမှတ်သားဆောင်ရွက်

လာမည့်ရက်အနည်းငယ်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်တော့မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ မုတ်သုံလေ စတင်ဝင်ရောက်သည့် မိုးဦးလေဦးသည် သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့ရှိသော အချိန်ကာလလည်းဖြစ်သည်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှု၏ အကျိုးသက်ရောက်မှုအရ သဘာဝဘေးအန္တရာယ်များမှာ အကြိမ်ရေ ပို၍များများ ဖြစ်ပေါ်လာသလို ပို၍လည်း ပြင်းထန်လာသည်။

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်ခြေ မြင့်မားသည့် နိုင်ငံများ၌ ပါဝင်လျက်ရှိရာ မိမိတို့နေထိုင်ရာ ဒေသအလိုက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားခြင်းအားဖြင့် ပျက်စီးဆုံးရှုံးမှုများ အနည်းဆုံးဖြစ်အောင် ကာကွယ်နိုင်သည်။ မုတ်သုံလေ စတင်ဝင်ရောက်သည့် မေလနောင်းပိုင်းမှ ဇွန်လအထိ အဓိက ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များမှာ မုန်တိုင်း တိုက်ခတ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း စသည်တို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် မိုးကြိုကာလ ဇဝီလလယ်မှ မေလအထိနှင့် မိုးလွန်ကာလ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် မုန်တိုင်းအများဆုံးဖြစ်ပေါ်လေ့ရှိသည်။ မုန်တိုင်းများ ဖြစ်ပေါ်ပါက လေပြင်းတိုက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မုန်တိုင်းကြောင့် မြင့်တက်သည့်ရေလှိုင်း ရိုက်ခတ်ခြင်းဟူသည့် အဖျက်စွမ်းအား(၃)မျိုး ဖြစ်ပေါ်နိုင်သည်။ မုန်တိုင်းကြောင့် မြင့်တက်သည့်ရေလှိုင်းမှာ ရေထရက်တွင် ပိုမိုမြင့်မားနိုင်ပြီး ကမ်းရိုးတန်းဖြစ်များမှတစ်ဆင့် ကုန်းတွင်းပိုင်းအထိ ဝင်ရောက်နိုင်သည်။ မုန်တိုင်းကမ်းခြေသို့မရောက်မီ နာရီအနည်းငယ်အလိုတွင် မုန်တိုင်းလမ်းကြောင်း၏ လက်ယာဘက်၊ အောက်ဘက်တွင် ဖြစ်ပေါ်တတ်သည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားရာတွင် မြစ်ရေကြီးခြင်းနှင့် တောင်ကျရေ စီးဆင်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းတို့ ဖြစ်ပွားနိုင်သည်။ မြစ်ရေကြီးသည့် ဖြစ်စဉ်တွင် မြစ်ကမ်းဘေးဝဲယာ အနိမ့်ပိုင်းဒေသများကို အချိန်ကြာရေလွှမ်းမိုးခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများတွင် ဖြစ်လေ့ရှိသည်။ အချိန်ကြာမြင့်စွာ ရေလွှမ်းနေခြင်းကြောင့် ဝမ်းရောဂါအပါအဝင် အခြားရောဂါများလည်း ဖြစ်ပွားလေ့ရှိသည်။ လျှပ်တစ်ပြက်ရေကြီးခြင်းမှာ မြစ်အထက်ပိုင်း၊ အမြင့်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက် ရေများအလုံးအရင်းနှင့် စီးဆင်းလာပြီး ရေစီးဆင်းသည့်လမ်းကြောင်းတစ်လျှောက် တိုက်စားဖျက်ဆီးသွားခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် ဆယ်စုနှစ်ပေါင်းများစွာ ရေမစီးတော့သည့် ချောင်းဟောင်းနေရာများ တစ်လျှောက် ရေများစီးဆင်းလာခြင်းကြောင့် ၎င်းနေရာများတွင် ဝင်ရောက်နေထိုင်သူများ အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်စေသည်။

မိုးကြိုနှင့် မိုးနှောင်းကာလတို့တွင် မိုးကြိုးဘေးမှာလည်း အထူးဂရုပြုသင့်သည့် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် မိုးကြိုးပစ်မှုကြောင့် နှစ်စဉ် လူ ၁၀၀ ကျော် သေဆုံးလျက်ရှိပြီး ဒဏ်ရာရမှုများ၊ ဂျွန္တွားတိရစ္ဆာန်များ သေဆုံးမှုများဖြစ်ပေါ်လေ့ရှိသည်။ မိုးကြိုနှင့် မိုးနှောင်းကာလ မွန်းလွဲပိုင်းမှစ၍ ညနေ ၆ နာရီခန့်အထိ အချိန်များတွင် မိုးကြိုးအန္တရာယ်ကို သတိထားကြရန်နှင့် အတတ်နိုင်ဆုံး အဆောက်အအုံများအတွင်း၌သာ နေထိုင်ကြရန်လိုသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ပြိုခြင်း၊ မြေပြိုခြင်း သဘာဝဘေးအန္တရာယ်များမှာလည်း နှစ်စဉ်ဖြစ်ပေါ်လေ့ရှိပြီး လူသေဆုံးမှုများလည်းရှိခြင်းကြောင့် ဂရုပြုကြရမည့်အန္တရာယ်တစ်ခုဖြစ်သည်။ မိုးအများအပြား ရွာသွန်းသည့်ကာလတွင် တောင်ကုန်း၊ တောင်တန်း၊ တောင်စောင်း၊ ကုန်းမြေမြင့်၊ ဆင်ခြေလျှောဒေသများတွင် နေထိုင်သူများ အထူးသတိပြုကြရမည်ဖြစ်ပြီး တောင်စောင်းများ၊ ဆင်ခြေလျှောများတွင် ကျောက်တုံးများ ပြိုခြင်း၊ မြေလွှာများ အိကျခြင်းတို့တွေ့ရှိပါက မကြာမီ မြေပြိုကျမည့် ရှေ့ပြေးလက္ခဏာများဖြစ်သည့်အလျောက် အမြန်ရှောင်တိမ်းကြရန်လိုသည်။

ရာသီဥတုအပြောင်းအလဲကာလတွင် နေ့စဉ် အချိန်နှင့်အမျှ ဖြစ်ပေါ်နေသည့် မိုးလေဝသဖြစ်စဉ်များ၊ ထူးခြားသည့် မိုးလေဝသဖြစ်စဉ်များကို မိုး/ဇလက အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသကဲ့သို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်နိုင်ရေးအသိပညာပေးမှုများကို မီဒီယာများမှတစ်ဆင့် ပညာပေးနှိုးဆော်မှုများ ပြုလုပ်လျက်ရှိရာ အလေးထားမှတ်သား ဆောင်ရွက်ကြခြင်းအားဖြင့် သဘာဝဘေးများမှ လွတ်ကင်းနိုင်ကြပါစေကြောင်း။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သောင်းထိုက် ကို ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၁၁-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၂၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

(၁၁-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၄၈ ~ ၃၆၆၉	၅၅၇ ~ ၅၅၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ	၁၁,၅၄၂,၉၆၆.၄၈	၈,၄၇၅,၅၃၁.၅၂	၁၃၉,၉၃၆,၉၃၂.၇၉	
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ				

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါး ကုန်ကြမ်းပစ္စည်းများ၊ တိရစ္ဆာန်အစာ၊ ဂျူ၊ စက်မှုကုန်ကြမ်း ၊ ဓာတ်မြေသြဇာ၊ ထုပ်ပိုးမှုပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍာဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၁၇ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁၅၆.၇၅ ကို လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

လှိုင်းအသင့်အတင့် ရှိမည်

နေပြည်တော် မေ ၁၁

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၀ါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂ - ၅ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၀၀	၄၆၆၀	၄၆၃၀	၄၅၂၀	၄၆၆၀	၄၇၀၅	၄၇၅၅	၄၆၀၀	၄၇၅၅	၅၀၇၀	၄၆၂၀	၄၈၁၅	၄၇၂၅	၄၆၆၀	၄၆၆၀	၄၈၉၀
95 Ron	၄၆၅၀	၄၉၄၀	၄၇၇၅	၄၆၆၅	၄၈၄၀	၄၈၅၀	၄၉၀၀	၄၇၅၀	၄၉၀၀	၅၂၂၀	၄၇၇၀	၄၉၈၅	၄၈၇၅	၄၈၃၀	၄၈၃၀	၅၀၄၀
HSD (500 ppm)	၅၀၅၀	၅၂၃၀	၅၁၇၀	၅၀၆၅	၅၂၃၀	၅၂၄၀	၅၂၉၀	၅၁၄၅	-	၅၅၉၅	၅၁၆၅	၅၆၆၅	၅၂၆၅	၅၂၂၀	၅၂၂၀	၅၄၂၀
HSD (50 ppm)	၆၀၇၀	၆၂၆၀	၆၂၀၀	၆၀၉၀	၆၂၆၀	၆၂၇၀	၆၃၂၀	၆၀၇၀	၆၃၂၀	၆၆၄၀	၆၁၉၀	၆၄၇၅	၆၂၉၅	၆၂၅၀	၆၂၅၀	၆၄၆၀
HSD (10 ppm)	၆၀၇၀	၆၂၆၀	၆၂၀၀	၆၀၉၀	၆၂၆၀	၆၂၇၀	၆၃၂၀	၆၀၇၀		၆၆၄၀	၆၁၉၀	၆၄၇၅	၆၂၉၅	၆၂၅၀	၆၂၅၀	၆၄၆၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄,၆၉၉	၄,၃၈၈
95 Ron	၄,၄၁၃	၄,၅၃၅
HSD (500 ppm)	၄,၈၁၅	၄,၉,၄
HSD (50 ppm)	၅,၇၈၉	၅,၉,၄
HSD (10 ppm)	၅,၇၈၉	၅,၉,၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀۹۷- ၄၁၁၃၇၃၊ ၀۹-၂၅၄၆၂၅၄၇

၀۹۷- ၄၁၁၂၅၂ ၀۹-۹۸၀၅၅၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- ဟန်လင်းအောင်	အကြီးတန်း	- ကျော်သူဝင်း၊ တင်မောင်လွင်၊
စာတည်းမှူး	- ခင်ရတနာ	သတင်းထောက်များ	ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
စာတည်းများ	- ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း	ဓာတ်ပုံသတင်းထောက်	- တင်မိုး
ဘာသာပြန်စာတည်း	- ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- မိုမိုအေးနှင့် ရွှဲမွန်တို့အဖွဲ့
		အီးမေးနှင့် အွန်လိုင်း	- သက်လွင်ဦးနှင့် အဖွဲ့
သုတေသန	- အိအိခင်နှင့် အဖွဲ့		
စာပြင်	- ဇော်မင်းသန်းနှင့် အဖွဲ့		

နေပြည်တော်–ဒုတိယစာတည်းမှူးချုပ် ၀۹۷-၃۹၁၁၄၊ စာတည်းအဖွဲ့ ၀۹۷-၃۹၁၁၄၅၊ ဖက်စ် ၀۹۷-၃۹၁၁၄၃၊ ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ **စာတည်းအဖွဲ့**, ၀၁-၅၄၄၃၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၁၄၊ **စီမံ** ၀၁-၅၄၄၃၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၃၊ ၀၁- ၅၅၉၁၁၀၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀۹۷-၃۹၁၁၄၅၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၁၇၊ Fax ၀၁-၈۹۷၄۹۷۹။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE
www.mdn.gov.mm

❖ *ရှေ့ဖုံးမှ*

ထို့နောက် သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အခမ်းအနားတက်ရောက်လာကြသူများက "Indian Army Contribution to the United Nation Peacekeeping Operations" Video Clip ကို ကြည့်ရှုကြပြီး အိန္ဒိယနိုင်ငံ Center for United Nations Peacekeeping (CUNPK)မှ သင်တန်းနည်းပြ ခေါင်းဆောင်က သင်တန်းရည်ရွယ်ချက်နှင့် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာ လေ့ကျင့်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် သင်တန်းနည်းပြ ခေါင်းဆောင်တို့က အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များ၊ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းသည် (၉) ကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး ယခု သင်တန်းတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ သင်တန်းသားအရာရှိ ၃၀ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ သင်တန်းတွင် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုဆိုင်ရာ လုပ်ငန်းများ၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်းများနှင့် ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့များ၊ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ၊ အရပ်သားများအား ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှု၊ စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု၊ ကင်းလှည့်ခြင်း၊ ယာဉ်တန်းလုံခြုံရေး ဆောင်ရွက်ခြင်း၊ တပ်ခွဲအခြေချစခန်းတည်ဆောက်ခြင်း၊ လေ့ကျင့်ခန်း BlueHelmet စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ပြီး မေ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စက်မှုကျွမ်းကျင်သင်တန်းနှင့် အဝတ်အထည်ချုပ်လုပ်မှုသင်တန်း ဖွင့်လှစ်

နေပြည်တော် မေ ၁၁

စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၄) နှင့် အဝတ်အထည်ချုပ်လုပ်မှု သင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အမှတ်(၂) စက်မှု သင်တန်းကျောင်း (မန္တလေး)၌ ကျင်းပရာ စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၀န်ကြီးဌာန ပြည်ထောင်စု ၀န်ကြီး ဒေါက်တာချာလီသန်းသည် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း အသေးစား၊ အလယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရေးအတွက် သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာ တိုးတက်မြင့်မားမှုသည် နိုင်ငံ၏ကုန်ထုတ်လုပ်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စက်မှုနှင့် နည်းပညာ လောကတွင် စဉ်ဆက်မပြတ် လေ့လာခြင်းနှင့် တက်ကြွစွာ ပြုမူ ဆောင်ရွက်ခြင်းတို့သည် အောင်မြင်မှုကို ရရှိစေမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ၀န်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်းလက်တွေ့သင်ကြားရေး အလုပ်ရုံများနှင့် အထည်ချုပ်သင်တန်းနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ယခုဖွင့်လှစ်မည့် သင်တန်း အမှတ်စဉ်(၁၄)တွင် သင်တန်းသား သင်တန်းသူ ၇၇ဦးအား ဘာသာရပ် ခြောက်ခုကို ၂၀၂၆ ခုနှစ် မေ ၁၁ ရက်မှ ၂၀၂၇ ခုနှစ် မတ် ၂၃ ရက်အထိ တစ်နှစ်ကြာ စာတွေ့ လက်တွေ့ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး အမှတ်စဉ်(၃)တွင် သင်တန်းသူ ၂၀ အား မေ ၁၁ ရက်မှ ဇွန် ၄ ရက်အထိ တစ်လကြာ လေ့ကျင့် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၁

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးက်မြင့်သန်းသည် ယနေ့မွန်းလွဲ ပိုင်းတွင် လယ်ဝေးမြို့နယ် လူ၀င်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေး ကတ်များနှင့် UID တို့ကို ပြည်သူများထံ ပေးအပ်သည်။

ထို့နောက် လယ်ဝေးမြို့နယ် ၀ဏ္ဏမူကျေးရွာ တောင်သူ ဦးသိန်းဆောင်၏ လယ်မြေတွင် နည်းပညာသစ် ကိရိယာများဖြင့် မြေဆီလွှာ ပြုပြင်ထွန်ယက်ခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်ပြီး တောင်သူများနှင့် တွေ့ဆုံအမှာ စကားပြောကြားကာ ကွင်းသရုပ်ပြနေမှုနှင့် ၂၀၂၅ - ၂၀၂၆ ခုနှစ် နွေစပါးစိုက် တောင်သူများအား ယူရီးယားမြေဩဇာရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပျဉ်းမနား မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီ၀နည်းပညာဌာနခွဲ GAP Model Farm ၌ တာ၀နှံရှိသူများနှင့် တွေ့ဆုံပြီး ငွေနှင်းမှိန်နှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

❒ *ရှေ့ဖုံးမှ*

အုတ်မြစ်တည်ဆောက်မှုစနစ်ကို တူးဖော်သုတေသနပြုလေ့လာခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် သဗ္ဗညုဂုဘုရားအနောက်ဘက် မီးမလောင်ကျောင်းအနီးရှိ ငကျွဲနားဌေ့ဝင်းစေတီ (ရှေးဟောင်းအဆောက်အအုံအမှတ်-၁၆၀၃)၊ ပုဂံ ရှေးဟောင်းသုတေသနပြတိုက်ရှေ့ရှိ ပေါက်ပင်ရာ စေတီ (ရှေးဟောင်း အဆောက်အအုံ အမှတ်-၁၆၁၄)၊ ညောင်ဦး- ပုဂံ မြို့ဟောင်းကားလမ်းဘေး မင်းအိုချမ်းသာဘုရား အရှေ့ဘက်ရှိ ရှေးဟောင်း အဆောက်အအုံ အမှတ်-၁၉၀၅ တို့၏ အုတ်မြစ်တည်ဆောက်မှုစနစ်ကို တူးဖော်သုတေသနပြုသွားမည် ဖြစ်ကြောင်း သိရသည်။

တူးဖော်သုတေသနပြုနေမှုများနှင့်ပတ်သက်၍ လေ့လာလိုသည့် သုတေသီများ၊ ကျောင်းသား ကျောင်းသူများ၊ ရှေးဟောင်းသုတေသနဆိုင်ရာတူးဖော်သုတေသနပြုမှုများကို စိတ်ပါဝင်စားသည့် မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူးထံမှ သိရသည်။ **ဒီပါလင်း**

နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၁

မေ ၁၃ ရက်တွင် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာ၀တီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဧလ

"တိုင်ကြားနိုင်ပါကြောင်း ပြည်သူ့အသိပေးခြင်း"

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါ အခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍ သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှ တစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တောင်ငူဒေသအတွင်း တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်

တောင်ငူ မေ ၁၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့က တောင်ငူဒေသအတွင်း တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ဦးစွာ တောင်ငူမြို့ အမှတ်(၂)ရပ်ကွက် နေပူကုန်းလမ်းရှိ လုပ်ငန်းရှင် ဦးကိုကိုနိုင်၏ ငရုတ်သီးအမှုန့်, မျိုးစုံလုပ်ငန်း၊ရွှေဟသ်ာ(၂)ရပ်ကွက်ရှိ "မိဘမေတ္တာ" မျှစ်ချို/မျှစ်ချဉ် စားသောက်ကုန်လုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် တောင်ငူမြို့နယ် ကံရိုးကျေးရွာ အုပ်စု အင်းပုတ်ကျေးရွာနေ မွေးမြူရေးလုပ်ငန်းရှင် ဦးသန့်စင်၏ ဥစားဘဲကောင်ရေ ၅၀၀၀ ကို သဘာဝအတိုင်း ဒေသအစာဖြင့် မွေးမြူထားရှိမှု၊ အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း ၁၃၀/၂ ရှိ 24 Hour Co., Ltd. ၏ သီဟိုဠ်ခြံများအတွင်း သီးညှပ်အနေဖြင့် ရိုဘတ်စတာကော်ဖီ ၁၆၈ ဧက စိုက်ပျိုးအောင်မြင်နေမှုနှင့် ထပ်မံစိုက်ပျိုးသွားမည့် ကော်ဖီပျိုးပင်များကို ကြည့်ရှုအားပေးခဲ့ပြီး ပျိုးထောင်ပြီး ကော်ဖီပျိုးပင်များ ယခုမိုးရာသီအတွင်းအပြီး စိုက်ပျိုးဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကလေးမြို့ရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

မုံရွာ မေ ၁၁

ကလေးမြို့ပေါ်ရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို ယမန်နေ့ ညနေပိုင်းတွင် ကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့်လုပ်ငန်းများ ကုန်ပစ္စည်း တိုးတက်ထုတ်လုပ်နိုင်ရန်နှင့် အခက်အခဲများရှိပါက ဆွေးနွေးတင်ပြပြီး မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် တာဝန်ရှိသူများက ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိုဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ကလေးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများထံ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

လုပ်ငန်းရှင်များ၊ တောင်သူများနှင့် Rice Export Zone အကောင်အထည်ဖော်ရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းသည် မေ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် မြန်မာ့ဆန်စပါး သုတေသနဌာန အစည်းအဝေးခန်းမ၌ လွတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ စပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ Rice Export Zone (REZ) များ ထူထောင် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းရှင်များ၊ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထောက်ပံ့လျှပ်ဒါန်းသည့် Drum Seeder ၅၀ နှင့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့သည့် သဘာဝမြေဩဇာများကို တောင်သူများထံ ပေးအပ်သည်။

အရည်အသွေး ကောင်းမွန်သောဆန်များ ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးမြှင့်ရရှိစေရန်နှင့် စပါးစိုက်တောင်သူ ဦးကြီးများအတွက် အခွင့်အလမ်းကောင်းများ ရရှိစေရန်ရည်ရွယ်၍ နိုင်ငံတော်က "နိုင်ငံ့စီးပွားဖြင့်တင်ရေး ရန်ပုံငွေ" ဖြင့် Rice Export Zone (REZ) များ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လျှုဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ဗာ်းရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူ့သို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဖလမ်းမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဟားခါး၊ မေ ၁၁

ဖလမ်းမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်လွတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများနှင့် ဖလမ်းမြို့နယ်မှ ယာယီတိမ်းရှောင်ပြည်သူကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဖလမ်းမြို့နယ် ပြန်လည်ထူထောင်ရေး ကျရောကဏ္ဍမှ ပူးပေါင်းပါဝင်ရန် ကမ်းလှမ်းလာသည့် ဆေးရုံအုပ်ကြီးတစ်ဦး အပါအဝင် လူပုဂ္ဂိုလ်များရှိသည့်အတွက် ပြန်လည်ထူထောင်ရေးနှင့် ကာလရှည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျရောကဏ္ဍမှပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများကို လက်ကမ်းကြိုဆိုပါကြောင်း၊ အစိုးရ၊ လွတ်တော်နှင့် ပြည်သူတစ်ရပ်လုံးလက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ပါက မည်သည့်ကိစ္စမဆိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လွတ်တော်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ဆွေးနွေးတင်ပြကြကာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး

အတွက် ငွေကျပ်သိန်း ၂၀၀၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးအပ်ကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မာန်အောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

စစ်တွေ မေ ၁၁

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် မေ ၉ ရက်နံနက်ပိုင်းက မာန်အောင်လေဆိပ် လေယာဉ်ပြေးလမ်း၊ လေဆိပ်အတွင်း ခရီးသည်နားနေခန်း၊ ဆိုက်ရောက်/ထွက်ခွာ ခရီးသွားပြည်သူများ လုံခြုံရေးစစ်ဆေးမှုနှင့် ဆက်သွယ်ရေးစက်ကိရိယာများ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သဖန်းခေါင်းကျေးရွာနှင့် သင်္ဘောကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်မှု၊ သင်္ဘောကျေးရွာတံတားပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ငတက်ပြင်/ချောင်းနားစုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ မျှော်တော်ဦးကမ်းခြေ ဒီရေတိုက်စားမှုမှကာကွယ်နိုင်ရန် လှိုင်းကာကျောက်စီနံရံပြုလုပ်နိုင်ရေးနှင့် မေယဝတီကမ်းခြေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)
ဓာတ်ပုံ – တင်ထွန်းဦး

အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၂)နှင့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၃)တို့၏ သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၁

အဆင့်မြှင့်အရာထမ်း သင်တန်း အမှတ်စဉ် (၂၂) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ မန္တလေးတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဒေါက်တာလှကြွယ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ် သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အလွန်အရေးကြီး

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်က နိုင်ငံတစ်ခုစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရ၏မူဝါဒများကို ဦးဆောင်အကောင်အထည် ဖော်ရသည့် အဆင့်မြင့် အရာရှိကြီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ကဏ္ဍအလိုက်၊ အဆင့်အလိုက် လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ် မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ဖြီး နိုင်ငံ့အကျိုးရှေးရှု၍ ပြည်သူလူထုကို အလုပ်အကျွေးပြုနိုင်ရန်၊ စည်းကမ်း၊ စနစ်တကျရှိသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်လာစေရန် ယခုကဲ့သို့ သင်တန်းများကို ဖွင့်လှစ်လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ရှစ်ပတ်ကြာမြင့်မည်

သင်တန်းသို့ သင်တန်းသား ၂၇ ဦး၊ သင်တန်းသူ ၂၁ ဦး စုစုပေါင်း ၄၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

အမှာစကားပြောကြား

ထို့နောက် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ

သင်တန်းအမှတ်စဉ်(၈၃) သင်တန်းဖွင့်ပွဲကို ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၈၇ ဦး၊ သင်တန်းသူ ၃၃၇ ဦး စုစုပေါင်း ၄၂၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဝမ်းတွင်းမြို့နယ်၌ လူသုံးကုန်ပစ္စည်းပြုလုပ်နည်းသင်တန်းဖွင့်

ဝမ်းတွင်း မေ ၁၁

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ရက် (၁၀၀)စီမံချက်ဖြင့် လူသုံးကုန်ပစ္စည်း (ဆပ်ပြာ) ပြုလုပ်နည်း သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက မြေတိုင်ကန်ကျေးရွာ၌ ကျင်းပရာ ပြည်သူ့လွတ်တော် ကိုယ်စားလှယ်က သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုဦးက ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းတွင် ဆုရရှိသည့် သင်တန်းသူများအား ဆုများချီးမြှင့်သည်။ အဆိုပါ သင်တန်းကို သင်တန်းသူ ၂၀ ဖြင့် မေ ၅ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

သတင်းအေဂျင်စီလုပ်ငန်း ပိတ်သိမ်းကြောင်း အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီစစ်ဆေးပြီး ငြိစွန်းကြောင်း တွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုနိုင်ပါသည်။ သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသူ ဦးရဲသွင်ဟိန်း၏ မြေလတ်အသံ(Myaelatt Athan)၊ ဦးဝင်းဇော်နိုင်၏ Red News Agency နှင့် ဦးဇင်မင်းထက်၏ Asia Citizens (အာရှနိုင်ငံသားများ) သတင်းအေဂျင်စီတို့သည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားလွှင့်တင်ဖော်ပြခဲ့သည့်အတွက် ၎င်းတို့အား ထုတ်ပေးထားသည့် သတင်းအေဂျင်စီလုပ်ငန်းများကို ၂၀၂၆ ခုနှစ် ဧပြီ ၂၃ ရက်မှစ၍ ပိတ်သိမ်းလိုက်ကြောင်းနှင့် ၎င်း သတင်းအေဂျင်စီများအနေဖြင့် မီဒီယာအမျိုးအစား တစ်ခုခုကိုအသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်း မပြုရန် ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

မှိုမျိုးစုံ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးရေးဆီသို့ ...

ဒေါက်တာတင်မာမာဦး(DOA)

ယနေ့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူမျိုးမရွေး၊ ဘာသာမရွေး နှစ်သက်စွာ ချက်ပြုတ်စားသောက်လျက်ရှိနေကြသော မီးဖိုချောင်သုံး သီးနှံများတွင် မှိုလည်း အပါအဝင် ဖြစ်သည်။ မိုးရာသီကာလတွင် ပေါပေါများများ တွေ့နိုင်သည့် မှိုသည် အရသာရှိသကဲ့သို့ လူကြိုက်များသည့် အစားအစာ တစ်မျိုးလည်းဖြစ်သည်။

မှိုအမျိုးအစား များစွာရှိ

ကမ္ဘာပေါ်တွင် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသည့် မှိုအမျိုးအစားများစွာ ရှိသည်။ ရှေးယခင်က သဘာဝအလျောက်အလေ့ကျ ပေါက်လေ့ရှိသော သဘာဝမှိုများကိုသာ စားသုံးနေခဲ့ကြရပြီး အချို့သော မှိုအမျိုးအစားများကို စားသုံးမိသည့် အခါအခန့်မသင့်ပါက မှိုအဆိပ်ဖြစ်၍ အကြောတက်ခြင်း၊ မူးဝေခြင်း၊ အော့အန်ခြင်းတို့ ဖြစ်စေနိုင်သည့် အပြင် အသက်အန္တရာယ်ရှိနိုင်ပါသည်။

လူသားများ ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းစွာ ဖြင့် ယုံကြည်စိတ်ချစွာ စားသုံးနိုင်ရန် စိုက်ပျိုးရေးပညာရှင်များက စားသုံးသင့်သည့် မှိုများကို လေ့လာရွေးချယ်ပြီး မှိုမျိုးမှုန် (Spore) မှ မျိုးမွေးမြူခြင်း၊ မှိုအသားစမှ မျိုးမွေးမြူခြင်း၊ သီးနှံမျိုးစေ့များ အသုံးပြု၍ မျိုးပွားစာပြုလုပ်ကာ မှိုစိုက်ထုပ်ပြုလုပ် စိုက်ပျိုးထုတ်လုပ်ခြင်းများကို စမ်းသပ်မှုသုတေသန လုပ်ငန်းများအဆင့်ဆင့် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးမှိုများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးမွေးမြူ ထုတ်လုပ်လာခဲ့ရာ ယနေ့ကာလတွင် စားသုံးသူများ အနေဖြင့် စိုက်ပျိုးမှို အမျိုးမျိုးကို ယုံကြည်စိတ်ချစွာ စိုက်ပျိုးစားသုံးလာနိုင်ခဲ့ပြီဖြစ်သည်။

နေအိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုး

မှိုအမျိုးမျိုးကို မိမိတို့ နေအိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ရန်အတွက် မှိုစိုက်ပျိုးနည်းပညာများနှင့် မှိုအမျိုးမျိုး၏ မှိုမျိုးစိုက်ထုပ်များ၊ မွေးမြူခြင်းနည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးဆောင်ရွက်လျက်ရှိသည်။

မှိုသီးနှံကို မိမိနေထိုင်သည့် အိမ်ဝင်းများအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မိသားစုများ၏ မီးဖိုချောင်ကုန်ကျစရိတ် လျှော့ချနိုင်ခြင်း၊ ဘေးအန္တရာယ်ကင်း၍ အာဟာရပြည့်ဝသည့် မှိုများကို အချိန်မရွေး လတ်လတ်ဆတ်ဆတ် ခူးဆွတ်စားသုံးနိုင်ခြင်း၊ ပိုလျှံသည်များကို အိမ်နီးချင်းများနှင့် ဝေမျှစားသုံးနိုင်ခြင်းဖြင့် ကောင်းမွန်သည့် အသိုက်အဝန်းတစ်ခု ဖန်တီးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

စိုက်ပျိုးမှိုအမျိုးမျိုးတို့၏ အဓိကထူးခြားချက်မှာ သဘာဝမှိုအချို့နှင့် နှိုင်းယှဉ်လျှင် အရသာအနေဖြင့် ပေါ့သည်ဟုထင်ရသော်လည်း စားသုံးသူများ အတွက် ဘေးအန္တရာယ် လုံးဝကင်းရှင်းခြင်းပင် ဖြစ်သည်။ စိုက်ပျိုးမှိုဖြစ်စေ၊ သဘာဝမှိုဖြစ်စေ

မျိုးထုပ်ဖြင့် တစ်နိုင်တစ်ပိုင် ငွေနှင်းမှိုစိုက်ပျိုးထားရှိမှုကို တွေ့ရစဉ်။

စားသုံးနိုင်သော မှိုအမျိုးအစားအားလုံး၏ တူညီသည့်အချက်များမှာ အရသာအနေဖြင့် စွဲလမ်းမှုဖြစ်ပေါ်စေခြင်း၊ အာဟာရဓာတ် ပြည့်ဝစေခြင်းတို့ သာမကဘဲ ဗိုင်းရပ်ရောဂါများ ကာကွယ်ပေးခြင်း၊ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးခြင်း စသည့်အာနိသင် အနည်းအများသာ မှိုအမျိုးအစား အလိုက်ကွာခြားပါသည်။ မိမိတို့၏ကိုယ်ခံအားကို မြှင့်တင်နိုင်သည့် အစားအစာများကို ရွေးချယ်စားသောက်ရန် လိုအပ်ရာ မှိုစားသုံးခြင်းဖြင့် ကျန်းမာရေးအတွက်တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

> **“ မှိုအမျိုးမျိုးရှိသည့်အနက် ငွေနှင်းမှို၊ ကောက်ရိုးမှိုနှင့် ကြွက်နားရွက်မှိုများသည် အလွယ်တကူစိုက်ပျိုးနိုင်သည့် မှိုများဖြစ်ပြီး ငွေနှင်းမှိုကို နေအိမ်တိုက်ခန်းများတွင် လေပြင်းတိုက်ခတ်မှုမရှိဘဲ လေဝင်လေထွက်ကောင်းမွန်၍ တိုက်ရိုက်မပူသောအစိုဓာတ် ကောင်းမွန်သည့်နေရာများတွင် အလွယ်တကူ စိုက်ပျိုးနိုင်၊ ကောက်ရိုးမှိုသည် အာဟာရတန်ဖိုးမြင့်မားသည့် မှိုတစ်မျိုးဖြစ်ပြီး ဒေသတွင်းပေါများစွာရရှိသော ကောက်ရိုးထုံးများ ဖြင့် နေရာမရွေး အလွယ်တကူ စိုက်ပျိုးနိုင်၊ ကြွက်နားရွက်မှိုသည် ဗိုင်းရပ်စ်ရောဂါကာကွယ်ခြင်းနှင့် ကိုယ်ခံအားမြှင့်တင်နိုင်သော အာနိသင်များအပြင် သွေးကြောအတွင်း သွေးခဲမှုကို ကာကွယ်ပေးခြင်း၊ နှလုံးရောဂါကို ဟန့်တားနိုင်ခြင်းနှင့် အသားအရည်ကို ချောမွေ့စေခြင်း စသည့်အာနိသင်များလည်းရှိ ”**

> **❑ မှိုစိုက်ပျိုးရေးလုပ်ငန်းသည် အချိန်တိုအတွင်း ဝင်ငွေရရှိသည့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး မှိုစိုက်ပျိုးသူများအနေဖြင့် မိမိအိမ်ခြံဝင်းအတွင်း မြေနေရာကျဉ်းကျဉ်းတွင် အရင်းအနှီးအသင့်အတင့်ဖြင့် မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းအသွင်မှသည် စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်သည့် လုပ်ငန်းလည်းဖြစ်သည့်အတွက် မိသားစုများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်**

မှိုအမျိုးအမျိုးရှိသည့်အနက် ငွေနှင်းမှို၊ ကောက်ရိုးမှိုနှင့် ကြွက်နားရွက်မှိုများ

ကောက်ရိုးမှိုသည် အာဟာရတန်ဖိုးမြင့်မားသည့် မှိုတစ်မျိုးဖြစ်

မှိုအမျိုးမျိုးရှိသည့်အနက် ငွေနှင်းမှို၊ ကောက်ရိုးမှိုနှင့် ကြွက်နားရွက်မှိုများသည် အလွယ်တကူ စိုက်ပျိုးနိုင်သည့် မှိုများဖြစ်ပြီး ငွေနှင်းမှိုကို နေအိမ်တိုက်ခန်းများတွင် လေပြင်းတိုက်ခတ်မှုမရှိဘဲ လေဝင်လေထွက်ကောင်းမွန်၍ တိုက်ရိုက်မပူသော အစိုဓာတ် ကောင်းမွန်သည့်နေရာများတွင် အလွယ်တကူ စိုက်ပျိုးနိုင်ပါသည်။ ကောက်ရိုးမှိုသည် အာဟာရတန်ဖိုး မြင့်မားသည့် မှိုတစ်မျိုးဖြစ်ပြီး ဒေသတွင်း ပေါများစွာရရှိသော ကောက်ရိုးထုံးများဖြင့် နေရာမရွေး အလွယ်တကူစိုက်ပျိုးနိုင်ပါသည်။ ကောက်ရိုးရရှိရန် ခက်ခဲသော မိသားစုများ အနေဖြင့် ငွေနှင်းမှို၊ ငွေမိုးမှို၊ ကြွက်နားရွက်မှို စသည့်မှိုများကို မိမိအိမ်ရှိ မိုးလုံလေလုံအခန်း၌ စင်ပြုလုပ်၍သော်လည်းကောင်း၊ ချိတ်ဆွဲ၍သော်လည်းကောင်း စိုက်ပျိုးနိုင်ပါသည်။ ကြွက်နားရွက်မှိုသည် ဗိုင်းရပ်စ်ရောဂါကာကွယ်ခြင်းနှင့် ကိုယ်ခံအားမြှင့်တင်နိုင်သော အာနိသင်များ၊ ဆီးချိုရောဂါ ကာကွယ်ခြင်းနှင့် ကိုယ်ခံအားမြှင့်တင်နိုင်သော အာနိသင်များအပြင် သွေးကြောအတွင်း သွေးခဲမှုကို ကာကွယ်ပေးခြင်း၊ နှလုံးရောဂါကို ဟန့်တားနိုင်ခြင်းနှင့် အသားအရည်ကို ချောမွေ့စေခြင်း စသည့်အာနိသင်များ၊ ကိုလက်စတရောလ်ကို လျော့နည်းစေခြင်း၊ ကင်ဆာရောဂါ ကာကွယ်ခြင်းနှင့် ကိုယ်ခံအားမြှင့်တင်ပေးခြင်း စသည့် အာနိသင်များ ရှိပါသည်။ ကြွက်နားရွက်မှိုသည် ဗိုင်းရပ်စ်ရောဂါ ကာကွယ်ခြင်းနှင့် ကိုယ်ခံအားမြှင့်တင်နိုင်သော အာနိသင်များအပြင် သွေးကြောအတွင်း သွေးခဲမှုကို ကာကွယ်ပေးခြင်း၊ နှလုံးရောဂါကို ဟန့်တားနိုင်ခြင်းနှင့် အသားအရည်ကို ချောမွေ့စေခြင်း စသည့်အာနိသင်များလည်းရှိ ”

ကောက်ရိုးမှိုသည် အာဟာရတန်ဖိုးမြင့်မားသည့် မှိုတစ်မျိုးဖြစ်

မှိုအမျိုးမျိုးရှိသည့်အနက် ငွေနှင်းမှို၊ ကောက်ရိုးမှိုနှင့် ကြွက်နားရွက်မှိုများသည် အလွယ်တကူ စိုက်ပျိုးနိုင်သည့် မှိုများဖြစ်ပြီး ငွေနှင်းမှိုကို နေအိမ်တိုက်ခန်းများတွင် လေပြင်းတိုက်ခတ်မှုမရှိဘဲ လေဝင်လေထွက်ကောင်းမွန်၍ တိုက်ရိုက်မပူသော အစိုဓာတ် ကောင်းမွန်သည့်နေရာများတွင် အလွယ်တကူ စိုက်ပျိုးနိုင်ပါသည်။ ကောက်ရိုးမှိုသည် အာဟာရတန်ဖိုး မြင့်မားသည့် မှိုတစ်မျိုးဖြစ်ပြီး ဒေသတွင်း ပေါများစွာရရှိသော ကောက်ရိုးထုံးများဖြင့် နေရာမရွေး အလွယ်တကူစိုက်ပျိုးနိုင်ပါသည်။ ကောက်ရိုးရရှိရန် ခက်ခဲသော မိသားစုများ အနေဖြင့် ငွေနှင်းမှို၊ ငွေမိုးမှို၊ ကြွက်နားရွက်မှို စသည့်မှိုများကို မိမိအိမ်ရှိ မိုးလုံလေလုံအခန်း၌ စင်ပြုလုပ်၍သော်လည်းကောင်း၊ ချိတ်ဆွဲ၍သော်

မှိုစိုက်ပျိုးထုတ်လုပ်ခြင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လည်း ဆက်စပ်လျက်ရှိပါသည်။ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံ ဘေးထွက်ပစ္စည်းများ၊ စက်မှုစွန့်ပစ်ပစ္စည်းများကို ယခင်ကထယ်ထိုးထွန်ယွေခြင်း၊ မီးရှို့ပစ်ခြင်းများကိုသာ ပြုလုပ်ခဲ့သော်လည်း ယခုအခါအဆိုပါ အမှိုက်များကို မှိုမွေးမြူစိုက်ပျိုးရာတွင် ပြန်လည်အသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ခြင်း၊ တောင်သူများအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းမှ မိသားစုအပိုဝင်ငွေရရှိနိုင်စေခြင်း၊ ထိုမှတစ်ဆင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုအဖြစ် မိမိတွင်ရှိသော မြေနေရာကျဉ်းကျဉ်းတွင် မှိုအမြောက်အမြား စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် မိသားစုအတွက် တစ်ပိုင်တစ်နိုင် ဝင်ငွေမှသည် စီးပွားဖြစ် လုပ်ငန်းကြီးတစ်ရပ်အဖြစ် တိုးချဲ့ဆောင်ရွက်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❍ *ကျောင်ဖုံးမှ*

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ သုံးဦး၊ မြောက်ဦးမြို့နယ်မှ တစ်ဦး၊ မောင်တောမြို့နယ်မှ တစ်ဦး၊ ရသေ့တောင်မြို့နယ်မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ တစ်ဦး စုစုပေါင်း AA အဖွဲ့ဝင် အမျိုးသား ခုနစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မှ နှစ်ဦး၊ ငပုတောမြို့နယ် ငရုတ်ကောင်းမြို့မှ နှစ်ဦး၊ ကြီခင်းမြို့နယ်မှ တစ်ဦး၊ လေးမျက်နှာမြို့နယ်မှ ၁၂ ဦး၊ အင်္ဂပူမြို့နယ်မှ သုံးဦး၊ ရေကြည်မြို့နယ်မှ နှစ်ဦး၊ မော်လမြိုင်ကျွန်းမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ တစ်ဦး စုစုပေါင်း PDF အဖွဲ့ဝင် အမျိုးသား ၂၄ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်ဝတိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီး လွတ်တော် ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့်ပတ်သက်၍ အသိပညာပေး စကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 သေနတ် သုံးလက်၊ M-22 သေနတ် နှစ်လက်၊ လက်ပစ်ဗုံး တစ်လုံး၊ ကျည် ၃၃၈ တောင့် နှင့် ကျည်အိမ် ခြောက်ခုတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၈၊လက်အတွက် ငွေကျပ်သိန်း ၂၅၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ငွေကျပ်သုံးသိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ အတွက် ငွေကျပ် ၉၃ သိန်း စုစုပေါင်းငွေကျပ် ၃၄၆ သိန်းကို ပေးအပ်ပြီး ဝန်ခံကတိလက်မှတ် ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ဆက်လက်၍ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများ၏ အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်း သို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအမမှုစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်း အဖွဲ့များအတွင်းဦးပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြားမှု အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အမမှုများ ကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်း မရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်း တို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထု အတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြခြင်းနှင့် သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန် ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် –

၁။ ကျွန်တော်ကတော့ ဒီအဖွဲ့အစည်းထဲကို ၂၀၂၅ (၃လပိုင်း)မှာ မတရား ဆွဲဆောင်ခံရပြီးတော့ သင်တန်းကွင်းထဲကို ပို့ဆောင်ခံရပါတယ်။ သင်တန်းကွင်းမှာတော့ ကျွန်တော်တို့က သင်တန်းသုံးလ တက်ရပါတယ်။ သင်တန်းကွင်းထဲမှာတော့ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ လူမျိုးရေးခွဲခြားခံရတာတွေ များလွန်းလို့ ကျွန်တော်တို့ စိတ်နာပြီး အစိုးရဘက်က လည်း အလင်းဝင်ရောက်သူတွေကို နွေးထွေးစွာ ကြိုဆိုတဲ့ သတင်းကြားရလို့ ကျွန်တော်တို့လည်း အမြန်ဆုံး ဥပဒေဘောင်အတွင်း ဝင်လာခဲ့ပါတယ်။ သင်တန်းကွင်းထဲမှာလည်း လူမျိုးခွဲခြားခံရတာတွေ အစားအသောက်ကလည်း တစ်ပတ်လောက်နေမှ အသားတစ်ခါလောက် စားရပါတယ်။ သင်တန်းပြီး ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရ သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများ အား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေ ဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန် ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် –

၁။ ကျွန်တော်ကတော့ ဒီနေရာကနေ ကျေးဇူး တင်တယ်လို့ ပြောချင်ပါတယ်။ ကျွန်တော် အမေတို့နဲ့ ပြန်တွေ့ရင် မိန်းမနဲ့ ပြန်တွေ့ရင် ဝိုမိမှာပါ။ ဒါပေမယ့် အမေ့ရှေ့မှာ ကျွန်တော် ကတိပေးချင်တာ နောက်နောင် ဒီလိုအမှားမျိုး ဘယ်တော့မှ မမှား တော့ဘူးလို့ အမေ့ကို အကြိမ်ကြိမ် ကတိပေးချင်ပါတယ်။

၂။ စစ်မှုထမ်းရမယ်ဆိုပြီးတော့ ကျွန်တော်တို့ကို တစ်အိမ် တစ်ယောက် မလိုက်လို့မရဘူးပေါ့။ စည်းရုံးပြီးတော့ ခေါ်ပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ သူငယ်ချင်း ငါးယောက် ပါသွားပါတယ်။ ကျွန်တော်တို့လည်း စိတ်မပါဘဲ ပါခဲ့ရတာဖြစ်လို့ မပြေလည်မှုတွေ ပဲ ကြုံတွေ့နေရတယ်၊ ဒုက္ခတွေက အများကြီး ရောက်ခဲ့ရတယ်။ အကူအညီမဲ့ခဲ့တယ်၊ ထွက်ပေါက်တွေ ရှာလာပြီးတော့ ကျွန်တော်တို့ ထွက်ပြေးလာခဲ့တာပါ။ ကျွန်တော်တို့ စိတ်နဲ့ ကျွန်တော်တို့ ဆုံးဖြတ်ပြီးတော့ အဲ့ဒီလိုမျိုးလာခဲ့တာပါ။ အလင်းဝင် အခမ်းအနားတွေ လုပ်ပေးတယ်၊ ဆုကြေးငွေတွေ ပေးတယ်။ ပြီးရင် မိဘရပ်ထံကို လည်း ပြန်လည်အပ်နှံပေးပါတယ်။ ဝမ်းသာပါတယ်၊ ကျေနပ်မှု ရှိပါတယ်။ ကျွန်တော် အားလည်း အားရပါတယ်။ ဝိတိလည်း ဖြစ်ပါတယ်။စားတာသောက်တာတွေက လည်း ကောင်းကောင်းမွန်မွန် ကျွေးမွေးပါတယ်၊ကောင်းကောင်း မွန်မွန် စောင့်ရှောက်ပါတယ်။ တောထဲမှာ ကျန်ရှိနေတဲ့ သူငယ်ချင်းတွေကို ကျွန်တော့်လိုပေါ့ အမြင်မှန်ရစေချင်တယ်၊ ကျွန်တော် တို့ဆီကို အပါဆွဲခေါ်ချင်တာပေါ့။

သတင်းစဉ်

❑ *ကျောင်ဖုံးမှ*

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့မှ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၃၇ဦး၊ ကျောက်မဲမြို့မှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီးနှစ်ဦး၊ သီပေါမြို့မှ အမျိုးသားခုနစ်ဦး၊ အမျိုးသမီးသုံးဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ မြို့ကျကာသရေဆောင်နန်းမ၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ပြန်လည်လွှဲပြောင်းအပ်နှံ

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးက ဥပဒေအကြောင်း အရာများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကိုယ်စား ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်

တော့လည်း ကျွန်တော်တို့ကို တပ်သားအနေနဲ့ သိန္ဓိမြို့ဘက်ကို ပို့လိုက်တယ်။ အဲ့ဒီကို ရောက်တော့ ကျွန်တော်တို့ ကင်းစောင့်ရတယ်။ ထင်းခွဲရတယ်။ လက်အောက်ငယ်သားအချင်းချင်း အနိုင်ကျင့်ခံရတယ်။ အဲ့ဒါတွေကို ကျွန်တော်တို့က စိတ်နာပြီးတော့ တရားဥပဒေဘောင်အတွင်းကို ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်။ တောထဲမှာ ကျွန်တဲ့သူငယ်ချင်းတွေကိုလည်း အမြန်ဆုံး အမှန်တရားရပြီးတော့ အလင်းဝင်ရောက်နိုင်ဖို့ ကျွန်တော် ဒီကနေ တိုက်တွန်းလိုက်ပါတယ်။

၂။ ၂၀၂၅ (၉လပိုင်း)မှာ အကြမ်းဖက်အဖွဲ့ထဲကို ရောက်ရှိခဲ့ပါတယ်။ ရောက်ရောက်ချင်းမှာတော့ ကောင်းကောင်းမွန်မွန်နေရပါတယ်။ နောက်ပိုင်းမှာ ကျတော့ သင်တန်းသွားရင်လည်း အခက်အခဲများနဲ့ ကြုံရပါတယ်။ သင်တန်းလည်း ကောင်းကောင်း မတက်ရဘူး။ အမြတမ်း ရိုက်နှက်ခံနေရပါတယ်။ ဝင်ဝင်ချင်းလည်း စိတ်ညစ်ရတယ်။ နောင်တတွေ လည်း ရခဲ့တယ်။ လုံးဝမနေချင်တော့ဘူး။ သင်တန်း စတက်ချင်းမှာပဲ အမြတမ်းထွက်သွားဖို့တွေးနေခဲ့ တယ်။ အခုကျတော့လည်း မိဘအိမ်ပြန်ရတော့ အလွန်ပျော်ရပါတယ်။ သင်တန်းပြီးတော့ ဂိတ်တွေ စောင့်ရတယ်။ ဂိတ်စောင့်ချိန်မှာလည်း အစောကြီး မရောက်လို့ အမြတမ်း ပြဿနာရှာခံရပါတယ်။ ကောင်းကောင်းမွန်မွန်လည်း မနေရဘူး။ အစားဆင်းရဲ၊ အနေဆင်းရဲ နေခဲ့ရတယ်။ အချိန်ပြည့်ပြေးနေရတယ်။ ညဆိုလည်း ကောင်းကောင်းမအိပ်ခဲ့ရဘူး။ နေ့တိုင်းနေ့တိုင်း ဆဲဆိုခံရပြီး နှိပ်စက်ခံရတယ်။ ပြီးတော့ ဒီကိုအလင်းဝင်မယ့်အချိန် ပထမအခေါက် ထွက်ပြေးတုန်းက သူတို့ဖမ်းမိခဲ့တယ်။ ရက် ၂၀ လောက် ကျွန်မကို ခြောက်ပေါက်ထဲ ထည့်ထားတယ်။ အစကတော့ ကျွန်မကို သတ်တော့မလို့။ နိုင်ငံတော် အစိုးရကိုလည်း ကျေးဇူးအလွန်တင်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေရဲ့ စေတနာမေတ္တာကိုလည်း ကျွန်မတို့နားလည်ပါပြီ။ ကျွန်မလည်း ကောင်းကောင်း မွန်မွန်နေထိုင်သွားပါမယ်လို့ ဆုံးဖြတ်ထားပါတယ်။ တောထဲမှာ ကျွန်ခဲ့တဲ့ သူငယ်ချင်းတွေကိုလည်း အမြန်ဆုံး အလင်းဝင်ရောက်လာပါလို့ မေတ္တာရပ်ခံပါတယ်။

သတင်းစဉ်

လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

၁၉၄၁ ခုနှစ်၊ ဇူလိုင် ၁ ရက် (၁၃၀၂ ခုနှစ်၊ ဦးတန်ခူး လဆန်း ၆ ရက်) မတိုင်မီ မွေးဖွားခဲ့သည့် အသက်(၈၅)နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆)ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 ၊ 09-889900033 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း(MCCT)အစီအစဉ် အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး/ပြည်နယ် (၇)ခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ **၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့**အထိ ကိုယ်ဝန်ဆောင်အဖြစ်ရှိနေသူများအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆)ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့် ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566၊ 09-889900077 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်ကြီးတံခွန်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေးခြင်းများ ပြုလုပ်ပေး

မန္တလေး မေ ၁၁

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ကြီးတံခွန်မြို့နယ်ဦးစီးမှူးရုံး၌ မေ ၉ ရက်က လမင်းစိမ်ချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေးခြင်းအခမ်းအနားပြုလုပ်ရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ စီးပွားရေးနှင့်ကူးသန်းရောင်းရေးဝန်ကြီး ဦးသိန်းဌေး၊ တိုင်းဒေသကြီးလွတ်တော်ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် မြို့နယ်လဝကမှ ဝန်ထမ်းများက ပြည်သူများအား အသက် ၁၀ နှစ်နှင့်အထက်မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့်မှတ်ပုံတင်ထုတ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သက်ထက်

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရား၊ဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ ''ပြည်သူ့ကြားကပြည်သူ့စကား'' အစီအစဉ်မှ **"ပြည်သူ့ကာကွယ်ရေး ခေါင်းစဉ်အောက်က အကြမ်းဖက်များရှိနေသရွေ့ သာသနာ့ဘောင်မှ ရဟန်းသံဃာများ အကြောင်းမဲ့ အသက်ပေးနေရမည်လား"** ခေါင်းစဉ်ဖြင့် မေ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ၂၀-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ကလေးငယ်များရဲ့အနာဂတ်ကို လက်တွေ့အကောင်အထည်ဖော်ပေးနေသော အစိုးရနှင့် နိုင်ငံရေး ခေါင်းစဉ်အောက်မှာ ကလေးငယ်တွေကို အသုံးချနေတဲ့ အစိုးရအမည်ခံအဖွဲ့အစည်း"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတစ်စဉ် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတစ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံကြီးတည်ထောင်ခြင်း (၁၈)နှစ်ပြည့်အခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်း

မန္တလေး မေ ၁၁

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတည်ထောင်ခြင်း (၁၈)နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပနိုင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

ဦးစွာ မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံကြီးကော်မတီဥက္ကဋ္ဌနှင့် မြို့မိမြို့ဖများက လာမည့် မေ ၂၃ ရက်တွင်ကျရောက်မည့် (၁၈)နှစ်ပြည့်အထိမ်းအမှတ်ပွဲတွင် ထည့်သွင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ဆေးရုံကြီး ရေရှည်တည်တံ့ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။

မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် သံဃာတော်နှင့် သီလရှင်များအတွက် ကုသိုလ်ဖြစ်ဆေးကုသစရိတ်များ လိုအပ်နေသည့်အပြင် ငလျင်ဒဏ်ကြောင့်ထိခိုက်ခဲ့သည့် ဆေးရုံအဆောက်အအုံများ ပြန်လည်ပြုပြင်ရေးနှင့် ခေတ်မီဆေးရုံအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ပါဝင်လှုံ့ဆော်နိုးကြွရန်လည်း တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

ကမာရွတ်မြို့နယ်၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်း

ကမာရွတ် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ယနေ့ နံနက်ကကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟိုဘာသာကလျာဏယုဝအသင်း ဒုတိယဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ကမာရွတ်ခရိုင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **စိမ်းလဲ့(ပြန်/ဆက်)**

မိုးကောင်းမြို့၌ အခွန်ပညာပေးရှင်းလင်းပွဲ ကျင်းပ

မိုးကောင်း မေ ၁၁

ပြည်တွင်းအခွန်ဦးစီးဌာနမှ အခွန်ပညာပေးရှင်းလင်းပွဲကို မိုးကောင်းမြို့နယ် မိုးကောင်းမြို့တော်ခန်းမ၌ မေ ၇ ရက်ကကျင်းပရာ ကချင်ပြည်နယ် အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမြင့်နိုင်က အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြီး အခွန်ထမ်းပြည်သူများက သိရှိလိုသည့်မေးခြန်းခြင်းများကို ပြန်လည်ဖြေကြားသည်။

အခွန်ပညာပေးရှင်းလင်းပွဲသို့ လွတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။ **သန်းလွင်ဦး(ပြန်/ဆက်)**

မိုင်းရယ်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

မိုင်းရယ် မေ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့၌ အစိုးသစ် ရက်(၁၀၀) စိမ်ချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယနေ့ နံနက်ပိုင်းမှစ၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တန့်ယန်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသူရနှင့် ဝန်ထမ်းများက နားခိုကျေးရွာအုပ်စုရှိ ပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်း အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ ပျက်စီး၊ ပျောက်ဆုံးသူများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မိုင်းရယ်(ပြန်/ဆက်)**

နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်း၌ ဖွင့်လှစ်လျက်ရှိသော အခြေခံလေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား သင်တန်းသူများအား သွားရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)၌ တက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများ၏ သင်ခန်းစာသင်ကြားပို့ချသင်ယူနေမှုများအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သင်တန်းသား သင်တန်းသူများအား အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ကြရာ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ သင်ခန်းစာသင်ကြားနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုစိတ်ဓာတ်တိုးတက်မြင့်မားရေး အသိပညာပေးဟောပြော

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနမှကျင်းပသည့် ပြည်ထောင်စုစိတ်ဓာတ်တိုးတက်မြင့်မားရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်က သက်နီးကျွန်းကြီးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်းက စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသောအကြောင်းအရာများကို ဆွေးနွေး

မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

မြို့နယ်(ပြန်/ဆက်)

ပေါင်မြို့နယ်သစ်တောဦးစီးဌာနခွဲ မိုးရာသီ သစ်ပင်စိုက်ပျိုးရန် ပျိုးပင် ၂၅၀၀၀ ပျိုးထောင်ထားရှိ

ပေါင် မေ ၁၁

မွန်ပြည်နယ် ပေါင်မြို့နယ်သစ်တောဦးစီးဌာနခွဲ ၂၀၂၆ ခုနှစ် မိုးရာသီတွင် လူထုဖြန့်စိုက်ပျိုးရန် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပန်းပိတောက်၊ခရေ၊ ကုံကော်၊ စိန်ပန်းကြီး၊ စိန်တံချူ၊ စိန်ပန်းပု၊ ဗာဒံ၊ ပင်လယ်ကဒွီး၊ ပျဉ်းမ၊ မန်ဂျန်ရှား စသည့်ပျိုးပင်ပေါင်း ၂၅၀၀၀ ကို နည်းလမ်း ကိုးသွယ်ဖြင့် ဖြန့်ဝေစိုက်ပျိုးသွားရန် ပျိုးထောင်ထားရှိသည်။

ပေါင်မြို့နယ်သစ်တောဦးစီးဌာနမှ ရာသီဥတုပူပြင်းလာခြင်း၊ မိုးခေါင်ခြင်း စသော သဘာဝဘေးဖြစ်စဉ်များကို သစ်ပင်စိုက်ပျိုးခြင်းဖြင့် ကာကွယ်သွားနိုင်မည်ဖြစ်၍ ပြည်သူများအနေဖြင့် နှစ်စဉ်မိုးရာသီတွင် သစ်ပင်များ တစ်နိုင်တစ်ပိုင် စိုက်ပျိုးပြုစုထိန်းသိမ်းသွားစေလိုကြောင်း ပေါင်မြို့နယ်တာဝန်ခံ တောအုပ်ကြီး ဦးဇော်လွင်ဦး၏ပြောကြားချက်အရ သိရသည်။

မွန်မလေး(ပြန်/ဆက်)

ချောက်မြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်း

ချောက် မေ ၁၁

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရာတွင် လိုက်နာရမည့်အချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသော အခွန်ထမ်းလုပ်ငန်းရှင်များ၏ သိရှိလိုသောမေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ကိုမိုး(ပြန်/ဆက်)**

စေတုတ္တရာမြို့အနီး အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

နေပြည်တော် မေ ၁၁

ယနေ့ မြန်မာစံတော်ချိန် (၀၂) နာရီ၊ ၀၆ မိနစ်၊ ၃၅ စက္ကန့်အချိန်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၇၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(စေတုတ္တရာမြို့၏အနောက်-အနောက်မြောက်ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၀၈ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၅ ဒသမ ၀ (M) အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

မော်လမြိုင်မြို့နယ်၌ မှုခင်းကျဆင်းရေးအသိပညာပေး

မော်လမြိုင် မေ ၁၁

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မော်လမြိုင်မြို့ လှိုင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ရွှေပြည်အေး)၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး အောင်မြင့်ဌေးက ရပ်ကွက်ကျေးရွာများအတွင်း မှုခင်းလျော့နည်းကျဆင်းရေးဆိုင်ရာကိစ္စရပ်များကို ရပ်ကွက်နေပြည်သူများအား အသိပညာပေး ဟောပြောဆွေးနွေးသည်။

ထို့နောက် လောင်းကစားနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို တာဝန်ရှိသူများက အသိပညာပေး

ဟောပြောကြပြီး မှုခင်းကျဆင်းရေးအသိပညာပေး လက်ကမ်းစာစောင်နှင့်လူကုန်ကူးမှုအန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။

ခင်စန်းမြင့်(ပြန်/ဆက်)

ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ◆ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များနိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ◆ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ◆ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ◆ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ◆ သိလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ◆ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ◆ မွေးမြူရေးကန်၏ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ◆ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ◆ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ် သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ◆ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

တောင်သူတွေဝင်ငွေတိုးစေဖို့ ဂျုံသီးနှံကို တိုးချဲ့စိုက်ကြစို့

ကိုကျော်စွာ(ကျိုက်ဝိ)

ဂျုံသည် ကမ္ဘာ့နိုင်ငံအသီးသီးက စားသုံးကြသော သီးနှံတစ်မျိုးဖြစ်သည်။ ထို့ပြင် လူတို့အဓိကစားသုံးသော သီးနှံသုံးမျိုးရှိပြီး ဂျုံမှာ လူအများစားသုံးမှု အများဆုံးသီးနှံသုံးမျိုးအနက် တစ်ခုအပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဂျုံမှာ စပါးသီးနှံပြီးလျှင် ဒုတိယစားသုံးမှု အများဆုံးသီးနှံဖြစ်သည်။ ကုန်ကြမ်းဖြစ်သည့် ဂျုံသီးနှံမှ ဂျုံစေ့ကိုကြိတ်ခွဲ၍ အမှုန့်ဖြစ်အောင်ပြုလုပ်ကာ စားသုံးကြရသည်။ ဂျုံသီးနှံကို ရှားယခင်ကတည်းက စားသုံးခဲ့ကြောင်းလည်းသိရသည်။ ပြည်တွင်း၌ ဂျုံစားသုံးမှုမှာ နှစ်စဉ်တန်ချိန် ၁ သန်း ၅ သိန်းခန့်ရှိပြီး မြန်မာနိုင်ငံမှ နှစ်စဉ်ဂျုံအထွက်နှုန်းမှာ တန်ချိန် ၁ သန်း ၂ သိန်းခန့်ရှိသည်။

ထို့ကြောင့် ပြည်တွင်းဂျုံစားသုံးမှုနှုန်းမှာ မြင့်မားနေပြီး ပြည်တွင်းဂျုံအထွက်နှုန်းအနေဖြင့် နည်းပါးနေသည့်အတွက် နှစ်စဉ်ပြည်ပမှ တန်ချိန်သုံးသောင်းခန့် တင်သွင်းနေရသည်။ ယနေ့အချိန်အထိလည်း ပြည်ပမှ ဂျုံတင်သွင်းမှုမှာ ယခင်ကထက် မြင့်တက်လျက်ရှိနေသည်ကို တွေ့ရသည်။ နိုင်ငံတော်အနေဖြင့် ဂျုံသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ချေးငွေများထုတ်ချေးခြင်းဖြင့် ဂျုံသီးနှံစိုက်ပျိုးနိုင်အောင် စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ပမှဂျုံတင်သွင်းမှု

ပြည်တွင်းဂျုံစိုက်ပျိုးမှု နည်းသော်လည်း ဂျုံစားသုံးမှုမှာ မြင့်တက်လျက်ရှိရာ နှစ်စဉ်ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည်။ ပြည်တွင်းလိုအပ်သော ဂျုံကို မိမိနိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်ပါက ပြည်ပမှဝယ်ယူရသောငွေကြေးနှင့် ကုန်ကျစရိတ်သက်သာမည်ဖြစ်သည်။ နှစ်စဉ် အမေရိကန် ဒေါ်လာ သန်းပေါင်းများစွာ ပြည်တွင်းလိုအပ်သည့် ဂျုံစေ့နှင့် ဂျုံမှုန့်များကို ဝယ်ယူတင်သွင်းနေရသည်။ ပြည်ပမှ ဂျုံစေ့ဝယ်ယူမှုမှာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် အနည်းငယ် လျော့နည်းသွားသော်လည်း ဂျုံမှုန့် ဝယ်ယူတင်သွင်းမှုမှာ မြင့်တက်လာကြောင်း တွေ့ရသည်။ ကုန်ကျစရိတ်မှာလည်း အမေရိကန်ဒေါ်လာ ၅၁၆ သန်းအထိရှိသည်။ ပြည်တွင်း၌သာ ဂျုံသီးနှံကို ဖူလုံအောင် တိုးချဲ့စိုက်ပျိုးပါက ပြည်ပမှတင်သွင်းသည့် ဝယ်လိုအားလျော့နည်းပြီး ကုန်ကျစရိတ်လည်း သက်သာမည်ဖြစ်သည်။

ပြည်တွင်းဂျုံစိုက်ပျိုးထုတ်လုပ်မှု

မြန်မာနိုင်ငံတွင် ဂျုံသီးနှံကို ၁၈၈၈ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) မွေးလှကျေးရွာအုပ်စုရှိ ကျေးရွာငါးရွာတွင် စမ်းသပ်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် ညောင်ကွဲ၊ ရပ်စောက်၊ ညောင်မွန်၊ သထုံ၊ ပင်းတယ တို့တွင်လည်း စမ်းသပ်စိုက်ပျိုးခဲ့သည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မုံရွာခရိုင်တို့တွင်လည်း စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းသည့်အတွက် တဖြည်းဖြည်းနှင့် တိုးချဲ့စိုက်ပျိုးလာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ ယခုအခါ ဂျုံစိုက်ပျိုးမှုအများဆုံးမှာ စစ်ကိုင်းတိုင်းဒေသကြီးဖြစ်ပြီး ဒုတိယအများဆုံး စိုက်ပျိုးဒေသမှာ ရှမ်းပြည်နယ်ဖြစ်သည်။ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြသည်။ ၁၉၀၅-၁၉၀၆ ခုနှစ်တွင် ဂျုံစိုက်ဧကပေါင်း ၃၅၁၀၇၈ ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၄၃၆၁ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ၁၉၈၄-၁၉၈၅ ခုနှစ်မှ ၁၉၉၃- ၁၉၉၄ ခုနှစ်အထိ ဧရိယာစုစုပေါင်း သုံးသိန်းကျော်စိုက်ပျိုးခဲ့ပြီး ၁၉၈၄-၁၉၈၅ ခုနှစ်တွင် တင်းပေါင်း ၆၄ သိန်းထွက်ရှိခဲ့သည်။

ဆယ်စုနှစ်တစ်ခုအတွင်း အများဆုံးစိုက်ပျိုးနှစ်မှာ ၁၉၉၂-၁၉၉၃ ခုနှစ်တွင် ဧက ၃ ၁သမ ၈ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့သည်။ ထိုနှစ်များတွင် တစ်ဧကကို ၁၂ တင်းကျော်ထွက်ရှိပြီး ၁၉၉၄-၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် တဖြည်းဖြည်းကျဆင်းလာကာ စိုက်ပျိုးဧရိယာ နှစ်သိန်းကျော်သာ စိုက်ပျိုးနိုင်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဧကတစ်သိန်းကျော်သာ စိုက်ပျိုးနိုင်တော့သည်။ ယခင်ကဂျုံတစ်ဧကကို ၁၀ တင်း၊ ၁၂ တင်းမှ ယခုအခါ တစ်ဧကကို ၂၃ တင်းအထိ ထွက်ရှိလာခဲ့သည်။ သို့သော်လည်း ဂျုံစိုက်ပျိုးမှုမှာ အလွန်နည်းပါးလျက်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ပြည်ပမှ နှစ်စဉ်ဝယ်ယူ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ များစွာသုံးစွဲနေရသည်။ ထို့ကြောင့် ပြည်တွင်းကုန်ကျစရိတ် သက်သာစေရန်နှင့် ပြည်တွင်းဂျုံစားသုံးမှု ဖူလုံစေရန်အတွက် ပြည်တွင်း၌ ဂျုံစိုက်ပျိုးမှုကို တိုးချဲ့ကြရမည်ဖြစ်ပါသည်။

ဂျုံသီးနှံစိုက်ပျိုးနည်း

ဂျုံ၏ မူရင်းဒေသမှာ တူကီယဲနိုင်ငံ အရှေ့တောင်ပိုင်းရှိ တောင်တန်းဒေသများဖြစ်သည်။ ဂျုံသည် လယ်မြေနှင့် ယာမြေနှစ်မျိုးလုံးတွင် ဖြစ်ထွန်းသည်။ မိုးရေချိန်အနေဖြင့် လက်မ ၂၀ မှ လက်မ ၄၀ အတွင်းဖြစ်ပြီး မြေအမျိုးအစားမှာ နုန်းမြေ၊ နုန်းမြေစေး၊ သဲနုန်းမြေမျိုးတွင် ဖြစ်ထွန်းသည်။ အပူချိန်အနေဖြင့် နွေရာသီတွင် အပူချိန် ၂၂ ဒီဂရီစင်တီဂရိတ်မှ ၃၄ ဒီဂရီစင်တီဂရိတ်အတွင်းဖြစ်ပြီး ဆောင်းရာသီတွင် အပူချိန် ၅ ဒီဂရီစင်တီဂရိတ်မှ ၂၅ ဒီဂရီစင်တီဂရိတ်အတွင်း စိုက်ပျိုးနိုင်သည်။ မြေချဉ်ငန်ကိန်းမှာ ၅ ၁သမ ၅ မှ ၇ ၁သမ ၅ အတွင်း စိုက်ပျိုးနိုင်သည်။ အကောင်းဆုံးမြေချဉ်ငန်နှုန်းမှာ ၆ ၁သမ ၄ ဖြစ်သည်။ ဂျုံစိုက်ပျိုးရန်အတွက် ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက် ပြုလုပ်ရသည်။ ဂျုံစိုက်ပျိုးရန် မြေပြင်ချိန်တွင် သဘာဝမြေဩဇာဖြစ်သော နွားချေး၊ သစ်စိမ်းမြေဩဇာ ထည့်ပေးရသည်။ ဂျုံသီးနှံစိုက်ပျိုးမည်ဆိုပါက အဓိကအားဖြင့် အထွက်တိုး၊ အထွက်ကောင်းသော မျိုးကို ရွေးချယ်ရပါမည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးသော ဂျုံမျိုးများမှာ မုံရွာဂျုံဖြူ၊ ဧလုပ်ဂျုံဖြူ(၁)၊ ဧလုပ်ဂျုံဖြူ(၂)၊ ဧလုပ်ဂျုံဖြူ(၄)၊ မက္ကဆီပက်၊ V-၁၂၈၇၊ UP-၂၆၂ ရေဆင်း(၈)၊ ရေဆင်း(၉)၊ ရေဆင်း(၁၀)၊ ရေဆင်း(၁၁)၊ ရေဆင်း(၁၂)၊ ရင့်ကျီ ၄၃၇၊ China 98/15 နှင့် ဒေသမျိုးရင်းတို့ဖြစ်သည်။ ဆည်ရေရရှိသည့် ဒေသများတွင် စပါး-ဂျုံသီးနှံ ပုံစံမျိုးစိုက်ပျိုးနိုင်သည်။ မိုးရာသီစိုက်ပျိုးသီးနှံများ ရိတ်သိမ်းပြီးနောက် ဂျုံကိုစိုက်ပျိုးနိုင်သည်။ မန္တလေးတိုင်းဒေသကြီးတွင် ပဲတီစိမ်း-ဂျုံ၊ နှမ်း-ဂျုံ၊ မိုးမြေပဲ-ဂျုံစသည်ဖြင့် သီးလှည့်စိုက်ပျိုးကြသည်။

ဂျုံစိုက်ပျိုးရန်အတွက် မြေပြင်ခြင်း၊ မျိုးစေ့ချ စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ချိန်မှ ရင့်မှည့်သည်အထိ မြေတွင်းအစိုဓာတ်ရှိနေရန်လိုသည်။ ဂျုံစိုက်ပျိုးနည်း နှစ်မျိုးရှိပြီး ကြေပက်စိုက်ပျိုးခြင်းနှင့် ထယ်ထိုးကာ စိုက်ကြောင်းဆွဲ၍ မျိုးစေ့ချစိုက်ပျိုးခြင်းတို့ဖြစ်သည်။ အသီးအထွက်နှုန်းတိုးစေရန် အတွက်မူ မိုးကောင်းသောဧရိယာများအတွင်း စိုက်ပျိုးပါက ရှစ်လက်မတန်းကြား မျိုးစေ့ချစိုက်ပျိုးခြင်း၊ ရေသွင်း၍ စိုက်ပျိုးရသောဒေသ ဧရိယာများတွင် ခြောက်လက်မတန်းကြား မျိုးစေ့ဖြူးချ စိုက်ပျိုးရသည်။

ဂျုံစိုက်ပျိုးရန် အသင့်လျော်ဆုံးကာလမှာ အောက်တိုဘာလနောင်းပိုင်းနှင့် နိုဝင်ဘာလ အစောပိုင်းဖြစ်သည်။ တစ်ဧကအတွက် မျိုးစေ့နှုန်းထားမှာ ၁ ၁သမ ၅ တင်းမှ ၂ တင်းအထိဖြစ်သည်။ အပင်ပေါက်ပြီး ၁၅ ရက်သားတွင် ပေါင်းရှင်းပေးရသည်။ အပင်တစ်လသားတွင် တစ်ကြိမ် ပေါင်းရှင်းပေးရသည်။ ရေသွင်း၍ စိုက်ပျိုးရသောဒေသမျိုး၌ စိုက်ပျိုးပြီး ၂၅ ရက်သားတစ်ကြိမ်၊ ၄၅ ရက်သားတစ်ကြိမ်၊ ရက် ၆၀ တွင် တစ်ကြိမ် ရေသွင်းပေးရသည်။ ဂျုံစိုက်ခင်း၌ ပျ၊ ငမြှောင်တောင်၊ ခြပိုးများ၊ ရောဂါအနေဖြင့် သန်ချေးရောဂါ၊ ဖားဥမှိုရောဂါ၊ ကျပ်ခိုးရောဂါများ ကျရောက်တတ်သည်။ ခြ၊ ပုရစ်စသည့် ပိုးများအတွက် စတင်စိုက်ပျိုးစဉ်က မျိုးစေ့ကို ပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်ပေးရပါမည်။ အထူးသဖြင့် စတင်စိုက်ပျိုးစဉ်က မျိုးရွေးချယ်ရာတွင် ပိုးမွှားနှင့် ရောဂါဒဏ်ခံနိုင်သောမျိုးကို ရွေးချယ်စိုက်ပျိုးသင့်ပါသည်။ ဂျုံရင့်မှည့်ချိန်တွင် ကြွက်အန္တရာယ်ကျရောက်တတ်သဖြင့် အထူးသတိပြုနှိမ်နင်းရန် လိုအပ်ပါသည်။

ဂျုံအထွက်နှုန်းမြင့်စေရန် လိုက်နာရမည့်အချက်များ

ဂျုံစိုက်ပျိုးရာတွင် ပြည်တွင်းစားသုံးမှု ဖူလုံရေးလိုအပ်ချက်အရ စိုက်သမျှဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းရန်လိုအပ်ပါသည်။ အထွက်နှုန်းကောင်းဖို့ဆိုလျှင် မျိုးစေ့ကောင်းရုံနှင့် မလုံလောက်ဘဲ အထွက်နှုန်းကောင်းစေမည့် နည်းစနစ်နှင့် စိုက်ပျိုးရာတွင် လိုက်နာရမည့်အချက်များကိုလည်း လိုက်နာရန် လိုအပ်ပါသည်။

ယင်းတို့မှာ-

(၁) မြေပြန့်ဒေသနှင့်တောင်ပေါ်ဒေသအလိုက် မိမိဒေသနှင့်ကိုက်ညီမည့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ပျိုးရမည်။

(၂) ဂျုံသီးနှံအတွက် မြေအစိုဓာတ် ထိန်းသိမ်းနိုင်ရန် လိုသည့်အတွက် မြေပြင်ရာတွင် ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက် ထွန်ရမည်။

(၃) စိုက်ပျိုးချိန်မှန်၊ စိုက်နည်းစနစ်မှန်၊ ပြုစုပြုပြင်မှုစနစ်လည်း မှန်ကန်ရမည်။

(၄) စိုက်ပျိုးသည့်ရေမြေသဘာဝ၊ စိုက်ပျိုးသည့် မျိုးစေ့အပေါ်မူတည်၍ ဓာတ်မြေဩ သုံးစွဲမှုနှုန်းထားနှင့် အချိုးအစားမှန်ကန်ရမည်။

ဂျုံ၏အသုံးဝင်ပုံနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ

ဂျုံသည် ကျန်းမာရေးကို အကျိုးပြုသည့် သီးနှံတစ်မျိုးဖြစ်ပါသည်။ ဂျုံသီးနှံဖြင့်ပြုလုပ်ထားသည့် ပေါင်မုန့်၊ ခေါက်ဆွဲ စသည့်စားသောက်ကုန်များတွင် ဗီတာမင်အီး၊ ဗီတာမင်ဘီဝမ်း၊ ဗီတာမင်ဘီတူး၊ ဖောလစ်အက်စစ်၊ ကယ်လ်ဆီယမ်၊ ဖော့စဖောရပ်စ်၊ ဇင့်၊ သံဓာတ်နှင့် အမျှင်ဓာတ်တို့ ပါဝင်နေသည်။ ဂျုံကို အခြေခံပြုလုပ်ထားသော အစားအစာများသည် ကလေးဘဝ ပန်းနာရင်ကျပ်ဖြစ်နိုင်ခြေကို ၅၀ ရာခိုင်နှုန်း လျော့နည်းပေးကြောင်း သိရသည်။ ဂျုံကိုအခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဘီစကွက်မုန့်၊ ပလာတာ၊ အီကြာကွေး၊ ပေါက်စီနှင့် ပေါင်မုန့်အမျိုးမျိုး၊ ကိတ်မုန့်အမျိုးမျိုး ပြုလုပ်နိုင်သည့်အပြင် ဂျုံဖြဲကို မြင်းစာ၊ နွားစာ၊ ဝက်စာအဖြစ်လည်း အသုံးပြုနိုင်သည်။ *စာမျက်နှာ ၁၁ သို့*

"ဆယ်စုနှစ်တစ်ခုအတွင်း အများဆုံးစိုက်ပျိုးနှစ်မှာ ၁၉၉၂-၁၉၉၃ ခုနှစ်တွင် ဧက ၃ ၁သမ ၈ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့သည်။ ထိုနှစ်များတွင် တစ်ဧကကို ၁၂ တင်းကျော်ထွက်ရှိပြီး ၁၉၉၄-၁၉၉၅ ခုနှစ် နောက်ပိုင်းတွင် တဖြည်းဖြည်းကျဆင်းလာကာ စိုက်ပျိုးဧရိယာ နှစ်သိန်းကျော်သာ စိုက်ပျိုးနိုင်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဧကတစ်သိန်းကျော်သာ စိုက်ပျိုးနိုင်တော့သည်။ ယခင်ကဂျုံတစ်ဧကကို ၁၀ တင်း၊ ၁၂ တင်းမှ ယခုအခါ တစ်ဧကကို ၂၃ တင်းအထိ ထွက်ရှိလာခဲ့သည်။ သို့သော်လည်း ဂျုံစိုက်ပျိုးမှုမှာ အလွန်နည်းပါးလျက်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ပြည်ပမှ နှစ်စဉ်ဝယ်ယူ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ များစွာသုံးစွဲနေရသည်။ ထို့ကြောင့် ပြည်တွင်းကုန်ကျစရိတ် သက်သာစေရန်နှင့် ပြည်တွင်းဂျုံစားသုံးမှု ဖူလုံစေရန်အတွက် ပြည်တွင်း၌ ဂျုံစိုက်ပျိုးမှုကို တိုးချဲ့ကြရမည်"

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံကိန်းလျှာထားချက်ပါအတိုင်း ပြည့်မီအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်

ထားဝယ် မေ ၁၁

တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်အနေဖြင့် တရားရုံးအသုံးပြုသူ ပြည်သူများအတွက် တရားရုံး ဝန်ဆောင်မှုများကို အများပြည်သူ လက်လှမ်းမီစေရန်နှင့် သတင်းမီဒီယာသမားများအတွက် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးခြင်းကို မေ ၉ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက တရားမမှု များ၊ ရာဇဝတ်မှုများ၊ စစ်ဆေးဆဲ အမှုများ၊ သတင်းမီဒီယာများ သိရှိလိုသော အကြောင်းအရာ များကို ဖြေကြားပေးနိုင်ရေး၊ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ကာလအတွင်းသာ ဆောင်ရွက်ပေးကြရန် မဟုတ်ဘဲ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်းလျှာထားချက်ပါအတိုင်း ပြည့်မီအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားပြီး တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရွှေဦးအရှယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(ဆင့်ပွား)ဆွေးနွေး

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် အထက(၄) အလုံအခြေခံပညာအထက်တန်းကျောင်း သိရိရတနာခန်းမ၌ မေ ၉ ရက်က တိုင်းဒေသကြီးအဆင့် KGနှင့် Grade-1 သင်ပြန်ညွှန်းစနစ်နှင့် မူကြိုသင်ပြန်ညွှန်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ (ဆင့်ပွား) ဆွေးနွေးပွဲ ပြီးမြောက်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး(ပညာ) ဒေါ်စန်းစန်းဝင်းနှင့် အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်း ဦးစီးဌာန သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ယောဇရာ(ပြန်/ဆက်)

မင်းဘူးမြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

မင်းဘူး မေ ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID ကတ်များ ပြုလုပ်ပေးခြင်းကို မေ ၈ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ One Stop Service ဖြင့် ဆောင်ရွက်ပေးရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်လဝက ဦးစီးမှူးတို့က ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID ကတ်များ ပေးအပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းဘူး(စကု)မြို့နယ် လေးအိမ်တန်းကျေးရွာမှ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၀ အား နေ့ချင်းပြီးပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

ရှင်ဗွေယန်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေး

ရှင်ဗွေယန် မေ ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တနိုင်းခရိုင်ဦးစီးမှူးရုံးမှ တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့ရှိ ရပ်ကွက်/ကျေးရွာများ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းအပြီး ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့က ဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တနိုင်းခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ထွန်းနှင့်အဖွဲ့က ရှင်ဗွေယန်မြို့ရှိ ရပ်ကွက်/ကျေးရွာများ အလိုက် နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးခြင်း၊ အသစ်ပြုလုပ်မည့်သူများနှင့် လဲလှယ်မည့်သူဦးရေ စုစုပေါင်း ၂၉၈ ဦးတို့အား

နေ့ချင်းအပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှင်ဗွေယန်(ပြန်/ဆက်)

တံတားဦးမြို့နယ် သမဝါယမဦးစီးဌာနမှ နို့စားနွားမွေးမြူရေးအတွက် အစာစရိတ်ထောက်ပံ့ပေးအပ်

တံတားဦး မေ ၁၁

တံတားဦးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးဆောင်ပြီး တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာ စွမ်းထက်အောင် နို့စားနွားမွေးမြူရေး သမဝါယမ အသင်းအတွက် အစာစရိတ်ထောက်ပံ့ပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အတွင်း၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်နောင်က နို့စားနွားမွေးမြူရေးအတွက် အစာစရိတ်များကို သူငယ်တော်ကျေးရွာ စွမ်းထက်အောင် နို့စားနွားမွေးမြူရေး သမဝါယမအသင်းတွင် ဒေသခံနို့စားနွားမွေးမြူသူ ၄၅ ဦး၊ နို့စားနွား ကောင်ရေ ၁၇၇ ကောင် အတွက် တစ်ကောင်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၈၈၅၀၀၀၀ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်း အမှုဆောင်သစ်နှင့် ညီလာခံကိုယ်စားလှယ်များ ရွေးချယ်

ညောင်လေးပင် မေ ၁၁

ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်း၏ အမှုဆောင်သစ် ရွေးချယ်ခြင်းနှင့် ညီလာခံကိုယ်စားလှယ်နှစ်ဦး ရွေးချယ်ခြင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုခန်းမ၌ မေ ၁၀ ရက်က ပြုလုပ်သည်။

ဦးစွာ မြို့နယ်စာရေးဆရာအသင်းနာယက ဦးမြင့်သန်း(ဒေါက်တာမြင့်သန်း-ညောင်လေးပင်)က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းအမှုဆောင်သစ်ရွေးချယ်ခြင်းနှင့် ညီလာခံကိုယ်စားလှယ်နှစ်ဦးရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပိန်းဇလုပ်-သိန်းညွှန့်

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

စာမျက်နှာ ၁၀ မှ

ထိုပြင် ကျုပ်မှရသော ကျုံရိုးဖြင့်လည်း တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်သော ဦးထုပ်အမျိုးမျိုးနှင့် အိတ်အမျိုးမျိုးကို ပြုလုပ်နိုင်သည့်အတွက် မိသားစုလက်မှုအတတ်ပညာ တတ်မြောက်သူများလည်း အပိုဝင်ငွေရရှိရန် ဖန်တီးပေးနိုင်ပါသည်။ အထူးသဖြင့် ကျုံသီးနှံကို တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မိသားစုတစ်နိုင်တစ်ပိုင်စီးပွားရေးမှသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

ကျုံစိုက်ဧက တိုးချဲ့စိုက်ပျိုး

ယခုအခါ ပြည်တွင်းကျုံလိုအပ်ချက်အရ ပြည်တွင်းကျုံသီးနှံ ဖူလုံမှုရှိစေရန်အတွက် ပိုင်းဝန်းကြိုးပမ်းရမည့် အချိန်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း စီမံကိန်းများချမှတ်၍ ပံ့ပိုးပေးလျက်ရှိပါသည်။ တောင်သူများအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် စီးပွားရေးအရ တွက်ခြေကိုက်မှုမှာ အဓိကဖြစ်သည်။ ကျုံသီးနှံသည် အကျိုးအမြတ်အားဖြင့် တောင်သူများအတွက် စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ပြီး တောင်သူများ အမှန်တကယ် တိုးချဲ့စိုက်ပျိုးလာလျှင် နိုင်ငံအတွက်လည်း ကျုံစိုက်ဧကတိုးလာသည့်အတွက် ကျုံထုတ်လုပ်မှု ပိုမိုတိုးတက်လာကာ ပြည်ပမှကျုံတင်သွင်းမှုလည်း လျော့နည်းသွားမည်ဖြစ်သကဲ့သို့ တောင်သူများလည်း ဝင်ငွေတိုးတက်လာမည်ဖြစ်ပါသည်။

တောင်သူများအနေဖြင့် ကျုံဧကများများ စိုက်ပျိုးခြင်းဖြင့် နှစ်စဉ်အထွက်နှုန်းများ တိုးပွားလာမည်ဖြစ်ပြီး ပြည်တွင်းကျုံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်အတွက် ပြည်ပမှ နှစ်စဉ် ကျုံဝယ်ယူရာတွင်ကုန်ကျမည့် နိုင်ငံခြားသုံးငွေများကိုလည်း လျှော့ချနိုင်မည် ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထိုကဲ့သို့အကျိုးကျေးဇူးများလှသည့် ကျုံသီးနှံကို ပြည်တွင်း၌ တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် ပိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

လှည်းကူးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေး

လှည်းကူး မေ ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လှည်းကူးမြို့နယ် ဦးစီးမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကောက်ယူထုတ်ပေးခြင်း လုပ်ငန်းကို လမင်းစိမ်ချက်ဖြင့် ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်နှင့်အဖွဲ့ဝင်များက နိုင်ငံသားစိစစ်ရေးကတ်များကို ပြည်သူလက်ဝယ်သို့ ပေးအပ်ခဲ့သည်။

လှည်းကူးမြို့နယ် (လဝက)ဦးစီးမှူးရုံးမှ ကိုင်ဆောင်လက်မှတ်မရှိသူ နိုင်-၃(က) ၄၂ ဦး၊ နိုင်-၆(က) ခုနစ်ဦး စုစုပေါင်း ၄၉ ဦးနှင့် UID ၄၁ ဦးတို့အား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အိရ္ဓေစင်လတ်(ပြန်/ဆက်)

ပဲခူးမြို့နယ်၌ သဘာဝသစ်စိမ်းမြေသြဇာ ပိုက်ဆံလျှော်မျိုးစေ့ပေးအပ်၍ ကြဲပက်စိုက်ပျိုး

ပဲခူး မေ ၁၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ သဘာဝသစ်စိမ်းမြေသြဇာ ပိုက်ဆံလျှော် မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်စိုက်ပျိုးပွဲကို ယနေ့နံနက် ပိုင်းတွင် ပဲခူးမြို့နယ်ရိုသဲဆန်ကုန်းကြော လယ်မြေများဖြစ်သော ရွာသစ်ကိုင်းတာကျေးရွာ၊ ဘုရားကလေးကျေးရွာနှင့် ရေတော်မိုးတော် လယ်မြေများဖြစ်သော ကလိကျေးရွာတို့၌ ပြုလုပ်သည်။

လက်တွေ့ကြဲပက်

အဆိုပါ ပိုက်ဆံလျှော်မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးသန်းအောင်ဆန်းနှင့် ခရိုင်၊ မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့ဝင်များက EM ဘိုကာရှီပြုလုပ်ရာတွင် ပါဝင်ရမည့်ပစ္စည်းများနှင့် အဆင့်ဆင့် ပြုလုပ်ပုံတို့ကို လက်တွေ့ပြသကာ သဘာဝ သစ်စိမ်းမြေသြဇာ ပိုက်ဆံလျှော် မျိုးစေ့များကို တောင်သူ လယ်သမားများသို့ ပေးအပ်ခဲ့ပြီး လက်တွေ့ပြသ ကြဲပက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ပညာပေးသင်တန်းဖွင့်လှစ်

ညောင်တုန်း မေ ၁၁

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်း သိရှိလိုက်နာ ကာကွယ်ထိန်းချုပ်နိုင်စေရန် ရည်ရွယ်၍ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက ချောင်းဝကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်ကြားမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြား၍ သင်တန်းကို စတင်သင်ကြားခဲ့ပြီး သင်တန်းသား ၂၀ အား နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး (အနောက်) ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဆွေးနွေး

ပြည် မေ ၁၁

ပဲခူးတိုင်းဒေသကြီး (အနောက်) KG နှင့် Grade 1၊ သင်ပြန်ညည်းစနစ်နှင့် မူကြိုသင်ပြန်ညည်းစနစ် ချိတ်ဆက် ဆောင်ရွက်နိုင်ရေး ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဆွေးနွေးမှု သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၉ ရက်က ပြည်မြို့ အခြေခံပညာအထက်တန်းကျောင်း သိရိရတနာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ပညာရေးမှူးရုံး(ရုံးခွဲ) ပြည်မြို့မှ ညွှန်ကြားရေးမှူး ဒေါက်တာ ချစ်ကိုကိုက သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက ချီးမြှင့်ငွေများနှင့် သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဧပြီ ၂၇ ရက်မှ မေ ၉ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခင်ရွှေဝါဖူး(ပြန်/ဆက်)**

ထားဝယ်မြို့၌ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး

ထားဝယ် မေ ၁၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ ယနေ့နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာ ရုံးများအား မီးဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် လျှပ်စစ်ဝိုင်ယာများနှင့် လျှပ်စစ်ပစ္စည်းများ၊ ရေစည်/ရေကန်များစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများ စစ်ဆေးကြပြီး ဝန်ထမ်းများအား မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် ကိုင်တွယ်နည်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

ချိန် ခါ မ ရွေး သ တိ ပေး မီး ဘေး သတိပြု

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၅-၂၀၂၆ အင်္ဂါနေ့

MRTV HD

- ၆နာရီ — နိုင်ငံတော်သံယမဟာနာယကအဖွဲ့၊ ဥဘုရားဆရာတော် အမှုထမ်းပြုသော နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဆရာတော်များက ပရိတ်တရားဆက်လွှတ်ဆက်ပူဇော်ခြင်း
- ၈နာရီ — နံနက်ခင်းသတင်း
- ၈၁၀ — ထူးခြားဆုလင်းအာရှပစိဖိတ်အစီအစဉ်
- ၈၃၀ — Sports Diary
- ၁၀၃၅ — "ဂွတ်ဂွတ်" သီတာ....အုန်းလက်မှုအနုပညာ
- ၁၁၃၀ — နေ့စဉ်သန်းသစ်သိပ္ပံဂေတာ
- ၁၂၅၀ — မြန်မာတက်လမ်းတွဲ 'ချစ်စိတ်တို့နောင်ခွဲ' (ဇာတ်သိမ်းပိုင်း)
- ၁၃၃၀ — MRTV National News
- ၁၅၃၀ — Weekly MNL Review
- ၁၆:၃၀ — ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၆:၀၀ — ဗုဒ္ဓဘာသာ
- ၆:၁၀ — ကိုးကန်းသားများ
- ၆:၂၀ — Honey(ဆိုတဲ့) Honey
- ၆:၃၅ — သံစဉ်ထဲမြာစတီရီယိုတေးကဗျာ
- ၇:၁၀ — နိုင်ငံခြားဇာတ်လမ်းတွဲ 'ဝံအပ်ဝံတက်ပါ' (အပိုင်း-၃၄)
- ၂:၀၀ — ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေဝသခန့်မှန်းခြင်းနေ
- ၂:၁၀ — သံစဉ်ရိုးမြန်မာတေးအရပ
- ၂:၃၀ — နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) "ကောက်ဝေသောနေ့ရက်များသိသို့" (အပိုင်း-၃၆)(ဇာတ်သိမ်းပိုင်း)
- ၂:၄၅ — ရုပ်မြင်သံကြားဇာတ်လမ်း

mtv

- 07:02 Evergreen Classic: Thatta Htar Na (Sein Lei Lei)
- 07:10 Maravijaya Buddha Park New Milestone in History (2)
- 07:35 Chef Life: Cedric Davoine (French Chef)
- 08:01 News
- 08:26 Topics Potpourri; India Turns E-Waste into Critical Minerals
- 08:33 Garbage to Green Gardens
- 09:01 Topical Topics; Everyone has Responsibilities
- 09:06 Hnin Zi Gone Home for the aged
- 09:42 A Glimpse of Taungoo & its Delicacies
- 10:01 News
- 10:26 Lifestyle & Entertainment (Weekly Updates)
- 10:36 Myanmar Masterclass ; Artist Zin Mar Nwe

MRTV NEWS

- ၆:၀၀ — အတွင်းတောင်းသိချင်း
- ၆:၀၅ — လွယ်လွယ်ရိုးရိုးအားကစား
- ၆:၁၀ — ပြည်တွင်းသတင်း(LIVE)
- ၆:၃၀ — နိုင်ငံတကာသတင်း(LIVE)
- ၆:၄၅ — Save Our Planet Program
- ၁၀:၃၅ — အသိပညာနှင့်အပန်းတကား "ကိုယ်တစ်ရေ CEO ကိုယ်သာမြစ်ပါ၀ေ"
- ၁၁:၀၀ — ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ — နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ — MRTV National News
- ၁၅:၀၀ — ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ — သတင်းမုန်းကျော(LIVE)
- ၁၈:၃၀ — နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ — WORLD CUP FEVER
- ၂၃:၀၀ — ပြည်တွင်းသတင်း(LIVE)
- ၂၃:၁၅ — ဘုတီးနီးယားမျိုးကြားများဆိပ်(အပိုင်း-၉)

MRTV FARMERS

- ၆:၀၀ — အတွင်းနိုင်ငံတော်သီချင်း
- ၆:၀၂ — တောင်သူလယ်သမားရေးရာသတင်း
- ၆:၂၅ — မြန်မာ့လုပ်သားနိုင်ငံတော်စားပေါ်သန်းတယ်
- ၈:၃၀ — "ဝိုက်ဖိုင်ပေမြေသုတေတက်" ဝိုက်ဖိုင်ရေးသုံးတယုတကယ်နေ့ထိသီလပ်
- ၈:၄၅ — နိုင်ငံတော်သာယာရေးနှင့်ပြည်ထောင်စုတည်ဆောက်ရေးဝန်ကြီးဌာန
- ၉:၃၀ — ကျန်းမာသုခဝင်ငွေတိုးရေးမိုနီစားနွားမွေးမြူကြပါမို့
- ၁၀:၃၀ — တရုတ်ဇာတ်လမ်းတွဲ "ဟယာမြို့ဂြ" (အပိုင်း ၂၉+၃၀)

MRTV NRC

- အရေပြားရောင် (၆:၀၀ မှ ၈:၃၀) — နှစ်သစ်ညီရဲ့ကောက်သစ်ထယင်းပိုင်း
- ချင်း (လိုင်ဝိုင်း) (၈:၃၀ မှ ၈:၀၀) — သစ်သီးအင်းအထမ်းများ(အပိုင်း-၁)
- ချင်း (ချိုင်း) (၈:၀၀ မှ ၈:၃၀) — လေးခြောရှုလုပ်ခြင်း
- ပွန် (၈:၃၀ မှ ၁၁:၀၀) — ထန်းပင်ဆိတ်ပိုင်း
- ရခိုင် (၁၁:၀၀ မှ ၁၃:၀၀) — ရခိုင်ဘာသာစကားပြောကြားရေးအာင်(အပိုင်း-၃)
- ရှမ်း (၁၃:၀၀ မှ ၁၅:၀၀) — ပင်နာဝုတ်ကိုင်ကို့နာမည်ရှည်ခေါ်ပုံ
- ၀ (၁၅:၀၀ မှ ၁၈:၀၀) — '၀'ညီနောင်တို့ရဲ့ပြောကြားကဗျာလေးသီချိုး(အပိုင်း-၁)
- ကချင် (၁၈:၀၀ မှ ၁၉:၀၀) — ဝေယူညီနောင်များ၊ ဘာသာစကားခြင်းချစ်ကြည်ဝေရည် (အပိုင်း-၁၀)
- ကယား (၁၉:၀၀ မှ ၂၁:၀၀) — ကယားတိုင်းရင်းသားတို့ရိုးရိုးပျော်ရွှင်ကာတင်ပေါ်ဒေသ
- ဝေကကရင် (၂၁:၀၀ မှ ၂၂:၀၀) — ကရင်သမိုင်းကြောင်း
- အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) — ရောတပါ(အပိုင်းတဲ့)အလုပ်ဖါးနိုးကို (အပိုင်း-၅)

MRTV PARLIAMENT

- ၈:၃၀ — အတွင်းအလ
- ၈:၄၀ — လွှတ်တော်ရေးရာအခြေခြာ (Repeat)
- ၁၀:၀၀ — ပြည်ထောင်စုလွှတ်တော်ပထမပုံမှန် အရည်အတေးကျင်းပမှု (Repeat)
- ၁၃:၀၀ — လွှတ်တော်သတင်း(၁၂.၅.၂၀၂၆)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel — ကို
ရေနှင့် (ကုမ်ဗဏ်(ဖုတ)ကုမ်ဏီ)
ဝေယန်းကုမ်ဏီ (ဖုန်ကုမ်)
(ဒုတိယနေ့)၊ ထုတ်လွှင့်မြေသေးမလုပ်ကိုမိခင်ညီး

၂၀၂၆ ခုနှစ် မေလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေ ၁၃ ရက်မှ ၁၇ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေ ၁၈ ရက်မှ ၂၂ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း အသီးသီး ဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြေထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြခန့်, မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီ ဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၂ ဒီဂရီ ဖာရင်ဟိုက်မှ ၉၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်(အရှေ့ပိုင်း)တို့တွင် (မြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

ပင်လယ်ရေလွှိုင်းပြန်နှုန်းအခြေအနေ

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် ၂၈ မီလီမီတာမှ ၃၇ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ၃၈ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ၄၈ မီလီမီတာမှ ၅၇ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၈ မီလီမီတာမှ ၆၈ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

ပင်လယ်ပြင်ရေပူပြင်ရေအခြေအနေ

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် ၂၈ မီလီမီတာမှ ၃၇ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ၃၈ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ၄၈ မီလီမီတာမှ ၅၇ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၈ မီလီမီတာမှ ၆၈ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

ပင်လယ်ရေပူပြန်နှုန်းအခြေအနေ

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် ၂၈ မီလီမီတာမှ ၃၇ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ၃၈ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ၄၈ မီလီမီတာမှ ၅၇ မီလီမီတာ အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၈ မီလီမီတာမှ ၆၈ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေ

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။ **မိုး/ဇလ**

ဓနုဖြူမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ

ဓနုဖြူ မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မီးဘေး၊ ငလျင်ဘေး၊ လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့နံနက်က မြို့တွင်းလမ်းဆုံနေရာများ၊ ဈေးများ၊ လူစည်ကားရာနေရာများ၊ ကျေးရွာလမ်းဆုံနေရာများ၌ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

မက်မန်းမြို့၌ မွေးမြူရေးဆိုင်ရာအသိပညာပေးဆောင်ရွက်

မက်မန်း မေ ၁၁

ရှမ်းပြည်နယ် မက်မန်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မွေးမြူရေးကဏ္ဍတိုးတက်စေရန်အတွက် ရက်(၁၀၀)စီမံချက်ဖြင့် မွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်းကို ယနေ့နံနက်က မက်မန်းမြို့နယ် အေးကျန့်အုပ်စု ကာနကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးဆိုင်ရာအကြောင်းအရာများကို အသိပညာပေးဟောပြောဆွေးနွေးပြီး ကာနကျေးရွာအတွင်းရှိ ဒေသဝက်များကို သန်ချဆေးနှင့် အားဆေးများ ထိုးနှံပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

သထုံမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွားပြီး အမျိုးသမီးသုံးဦး သေဆုံးပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၁၁

မွန်ပြည်နယ် သထုံမြို့နယ်၌ မေ ၁၀ ရက်က ယာဉ်တိုက်မှုဖြစ်ပွားပြီး အမျိုးသမီးသုံးဦး သေဆုံးပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် ညနေ ၄ နာရီ ၅၅ မိနစ်တွင် သထုံမြို့နယ် လေးတိုင်းကျေးရွာ သထုံ-ဘားအံသွားကားလမ်း မိုင်တိုင်အမှတ် ၆ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြားရှိ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သုဓမ္မဝတီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ သထုံ-ဘားအံသွား ကားလမ်းအတိုင်း ဘားအံဘက်မှ သထုံဘက်သို့ ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်နေ နေလင်းစိုး(၃၀)နှစ် မောင်းနှင်လာသည့် MON-10 7N/xxxx HONDA FIT ယာဉ်သည် အခင်းဖြစ်နေရာ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင်ဘက်မှ သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာနေ မဇူလိုင်မိုး(၂၀)နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေသူများဖြစ်သည့် မနေခြည်ကျော်(၁၉)နှစ်နှင့် မအေးအေးအောင်(၁၉)နှစ်တို့ လိုက်ပါလာသော MON-31 W/xxxxx HONDA DREAM 125 ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် မဇူလိုင်မိုး၊ မနေခြည်ကျော်နှင့် မအေးအေးအောင်တို့တွင် ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး နေလင်းစိုးတွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် နေလင်းစိုးအား သုဓမ္မဝတီနယ်မြေရဲစခန်း ယာဉ်(ပ)၁/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/ ၃၃၇/ ၂၇၉ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ အလုပ်ရုံနှင့် သိုလှောင်ရုံများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မေ ၁၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မျိုးထက် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။ ဇော်ဘီ

◆ *ကျောပုံ့မှ*

ဘာစီလိုနာအသင်းသည် ရိုးရဲမက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့သောကြောင့် ယခုနှစ်ရာသီ လာလီဂါတွင် အိမ်ကွင်းရှုံးပွဲမရှိ စံချိန်ကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ပြင် ဘာစီလိုနာအသင်းသည် လာလီဂါ ပြိုင်ပွဲအဖြစ် အိမ်ကွင်းတွင် ၁၈ ပွဲယှဉ်ပြိုင်ကစားထားပြီး ၁၈ ပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။

အလွတ်တည်ကန်ဘောမှတစ်ဆင့် ဘာစီလိုနာအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော တိုက်စစ်ကစားသမား ရက်ဖိုဒ်သည် ယခုနှစ်ရာသီတွင် ဂိုးဖန်တီးမှု ၁၁ ကြိမ်နှင့်အတူ သွင်းဂိုး ၁၄ ဂိုးရိုလာပြီ ဖြစ်သည်။ ရီးရဲ မက်ဒရစ်အသင်းသည် ပွဲချိန်တစ်လျှောက်တွင် ဘာစီလိုနာအသင်းဘက်သို့ ဂိုးပေါက် တည့်မတ်မှု တစ်ကြိမ်သာရှိခဲ့သည်။ ယင်းမှာ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်သည်။

ဘာစီလိုနာအသင်းသည် ၂၀၂၄-၂၀၂၅ ရာသီတွင်လည်း လာလီဂါအမှတ်ပေးဖလားကို ဆွတ်ခူးရရှိထားသည်။ လာလီဂါပွဲစဉ် (၃၅) အပြီးတွင် အမှတ်ပေးချန်ပီယံထွက်ပေါ်ခဲ့ပြီ ဖြစ်သော်လည်း လက်ကျန်ပွဲစဉ်များတွင် ဥရောပဝင်ခွင့်ရရှိရေး၊ တန်းမဆင်းရရေး အတွက် အားပြိုင်မှုများ အကြိတ်အနယ်ရှိလာ ဦးမည် ဖြစ်သည်။ **အောင်ဇော်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

၂၀၂၆ အာရှအားကစားပြိုင်ပွဲတွင် ကမ္ဘောဒီးယားက အားကစားနည်း ၁၁ မျိုး ပါဝင်ယှဉ်ပြိုင်မည်

ဖနောင်ပင် မေ ၁၁

ကမ္ဘောဒီးယားနိုင်ငံသည် ဂျပန်နိုင်ငံ အိုက်ချီ–နာဂိုယာ၌ ကျင်းပမည့် ၂၀၂၆ ခုနှစ် အာရှအားကစားပြိုင်ပွဲ၌ အားကစားနည်း ၁၁ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် အားကစားသမားများ စေလွှတ်သွားရန် စီစဉ်ထားကြောင်း အားကစားဆိုင်ရာတာဝန်ရှိသူတစ်ဦးက မေ ၁၁ ရက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများတွင် ရေကူး၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ ဂျူဂျစ်ဆု၊ ဂျူဒို၊ ကရာတေး၊ တိုက်ကွမ်ဒို (WT)၊ ထရိုင်သလွန် (ရေကူး၊ စက်ဘီးစီး၊ အပြေးသုံးမျိုးစပ်အားကစား)၊ နပန်း၊ e-sports နှင့် တက်ဘောတို့ ပါဝင်ကြောင်း ကမ္ဘောဒီးယားအမျိုးသားအားကစားလေ့ကျင့်ရေးစင်တာ ညွှန်ကြားရေးမှူး ယန်းကစ်ဆီဗူသာက ပြောကြားသည်။

အဆိုပါအားကစားနည်း ၁၁ မျိုးအနက် တိုက်ကွမ်ဒို (WT)နှင့် e-sports တို့သည် ဂျပန်နိုင်ငံ၌ ကျင်းပမည့် တရားဝင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရန် အရည်အချင်းစစ်ဆေးမှုများ အောင်မြင်ရန် လိုအပ်သေးကြောင်း ယန်းကစ်ဆီဗူသာက ပြောကြားသည်။

အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲကို လာမည့်စက်တင်ဘာ ၁၉ ရက်မှအောက်တိုဘာ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် ဟန်ကျိုးမြို့တွင် ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ကမ္ဘောဒီးယားနိုင်ငံသည် ကြေးတံဆိပ်တစ်ခုသာ ရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

တန်ဇန်းနီးယား၌ ငါးနှစ်အောက် ကလေးများ၏ ၄က်ဖျားရောဂါ ဖြစ်ပွားမှုနှုန်း ကျဆင်းလာ

ဒါအက်စလမ် မေ ၁၁

တန်ဇန်းနီးယားနိုင်ငံ၌ အသက်ငါးနှစ်အောက် ကလေးများတွင် ၄က်ဖျားရောဂါဖြစ်ပွားမှုနှုန်း လျော့နည်းကျဆင်းလာကြောင်း ကျန်းမာရေးဝန်ကြီး မိုဟာမက် မက်စ်ဟန်းဂါဝါက မေ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်း စစ်တမ်းကောက်ယူမှုများ၏ ပဏာမတွေ့ရှိချက်များအရ တန်ဇန်းနီးယားနိုင်ငံ၌ အသက်ငါးနှစ်အောက်ကလေးများတွင် ၄က်ဖျားရောဂါဖြစ်ပွားမှုနှုန်းမှာ ၂၀၂၂ ခုနှစ်က ၈ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းအထိ လျော့နည်းလာကြောင်း မြို့တော် ဒိုဒိုမာရှိ လွတ်တော်တွင် ဝန်ကြီးက ပြောကြားခဲ့သည်။

သို့ရာတွင် တန်ဇန်းနီးယားနိုင်ငံ၌ ၄က်ဖျားရောဂါသည် အထူးအားဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်ငါးနှစ်အောက်ကလေးများ အတွက် ပြည်သူ့ကျန်းမာရေးစိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေကြောင်း သိရသည်။

ဆင်ဟွာ

ဟားမားစ်က စစ်ရေးပြန်လည် တည်ဆောက်နေသည်ဟူသော စွပ်စွဲချက်များကို ငြင်းဆို

ဂါဇာ မေ ၁၁

ဟားမားစ်အဖွဲ့သည် စစ်အင်အားပြန်လည်တည်ဆောက်နေပြီး ဂါဇာကမ်းမြောင်မှ ပစ်ခတ်တိုက်ခိုက်မှုများ ပြန်လည်လုပ်ဆောင်ရန် ပြင်ဆင်နေသည်ဟူသော အစ္စရေးမီဒီယာများ၏ စွပ်စွဲဖော်ပြချက်များကို မေ ၁၁ ရက်တွင် ငြင်းဆိုခဲ့သည်။

ဟားမားစ်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဟာဇမ် ကာဆမ်က အဖွဲ့အနေဖြင့် အောက်တိုဘာ ၁၀ ရက်တွင် စတင်အသက်ဝင်ခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို ဆက်လက်လိုက်နာသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစ္စရေးတာဝန်ရှိသူများက ဟားမားစ်အဖွဲ့သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလကို အသုံးချ၍ ဂါဇာကမ်းမြောင်တွင် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့် ၎င်း၏ သြဇာလွှမ်းမိုးမှုကို အားကောင်းစေရန် ကြိုးပမ်းနေသည်ဟု မေ ၁၀ ရက်တွင် ခန်း ရုပ်မြင်သံကြားသို့ ပြောကြားခဲ့သည်။

ဂါဇာဒေသတွင် တင်းမာမှုများ ဆက်လက်မြင့်တက်နေကြောင်း၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် ထိခိုက်သေဆုံးမှုများလည်း ရှိနေကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနှင့်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရေးအစီအစဉ်များနှင့် ပတ်သက်၍လည်း အငြင်းပွားမှုများ ဆက်လက်ရှိနေသေးကြောင်း သိရသည်။

ဆင်ဟွာ

တူကီယဲလေယာဉ် နီပေါနိုင်ငံ ထရီဘူဗန်လေဆိပ်၌ ဆင်းသက်စဉ် မီးလောင်မှုဖြစ်ပွား

ခတ္တမန္ဒူ မေ ၁၁

တူကီယဲ လေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်းသည် မေ ၁၁ ရက် နံနက်ပိုင်းက နီပေါနိုင်ငံရှိ ထရီဘူဗန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဆင်းသက်စဉ် လေယာဉ်၏မြေပြင်ဆင်းသက်ဘီး (landing gear) တာယာများတွင် မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လေဆိပ်လုံခြုံရေးရုံး ပြောရေးဆိုခွင့်ရှိသူ ရာ့ဂျ်ကူးမားဆယ် ဝယ်လ်၏ ပြောကြားချက်အရ ခရီးသည်များကို အရေးပေါ်တံခါးများမှတစ်ဆင့် ဘေးလွတ်ရာသို့ အမြန်ရွှေ့ပြောင်းခဲ့ပြီး မီးသတ်အဖွဲ့က မီးကို အောင်မြင်စွာ ငြိမ်းသတ်နိုင်ခဲ့ကာ ခရီးသည် ၂၇၆ ဦးနှင့် လေယာဉ်အမှူထမ်း ၁၁ ဦး တို့ကို ဘေးကင်းစွာ ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် ပြေးလမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းကြောင့် လေဆိပ်တွင် လေယာဉ်ဆင်းသက်ခြင်းနှင့် ပျံသန်းထွက်ခွာခြင်းများကို ယာယီအနှောင့်အယှက် ဖြစ်စေခဲ့သည်။

ဆင်ဟွာ

(၄၈)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များအစည်းအဝေး၌ စွမ်းအင်၊ စားရေရိက္ခာဖူလုံရေးနှင့် ဒေသတွင်းခံနိုင်ရည်အားကို အလေးထားဆွေးနွေး

ဂျကာတာ မေ ၁၁

(၄၈)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အာဆီယံခေါင်းဆောင်များသည် စွမ်းအင်လုံခြုံရေး၊ စားရေရိက္ခာဖူလုံရေးနှင့် ကမ္ဘာတစ်ဝန်းရှိအာဆီယံနိုင်ငံသားများ၏ လုံခြုံရေးကိစ္စများကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာ ကာအိုကင်ဟွန်က မေ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ကာအိုက အာဆီယံအတွင်းရေးမှူးချုပ်ရုံးဌာန မိန့်ခွန်းပြောကြားရာတွင် မေ ၈ ရက်က ဖိလစ်ပိုင်နိုင်ငံတွင် ပြီးဆုံးခဲ့သည့် အစည်းအဝေးမှ ထွက်ပေါ်လာသော အရေးကြီးရလဒ်များကို မီးမောင်းထိုးဖော်ပြခဲ့သည်။

စွမ်းအင်လုံခြုံရေးကဏ္ဍနှင့် ပတ်သက်၍ ဒေသတွင်း ခေါင်းဆောင်များသည် တည်ငြိမ်ပြီး ယုံကြည်စိတ်ချရသည့် ထောက်ပံ့ပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးကွင်းဆက်များကို ထိန်းသိမ်းရန်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သို့ အလျင်အမြန် ပြောင်းလဲရန် တိုက်တွန်းခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် အာဆီယံ ရေနုလုံခြုံရေးဆိုင်ရာ သဘောတူညီချက်ကို အလျင်အမြန် အသက်ဝင်စေရန်လည်း တိုက်တွန်းခဲ့ကြသည်ဟု ဆိုသည်။ အာဆီယံခေါင်းဆောင်များသည် အာဆီယံ အမျိုးသားဓာတ်အားလိုင်းကို လက်တွေ့အသုံးပြုနိုင်စေရန်လည်း အလေးပေးဆွေးနွေးခဲ့ကြပြီး ယင်းစနစ်သည် နိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အား ရောင်းဝယ်မှုကို လွယ်ကူစေကာ အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံလုံး အား ဈေးနှုန်းသက်သာသည့် စွမ်းအင်ရရှိစေရန် ရည်ရွယ်ထားကြောင်း သိရသည်။

စားရေရိက္ခာဖူလုံရေး ကဏ္ဍတွင်လည်း ခေါင်းဆောင်များသည် ပွင့်လင်းပြီး ကြိုတင်ခန့်မှန်းနိုင်သည့်ဈေးကွက်များကို ထိန်းသိမ်းရန်၊ ထောက်ပံ့ရေးကွင်းဆက်များကို ပိုမိုအားကောင်းစေရန်နှင့် ဒေသတွင်းစားရေရိက္ခာအရန်စနစ်များကို ပိုမိုထိရောက်စွာ စောင့်ကြည့်ရန် တိုက်တွန်းခဲ့ကြသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းအကျပ်အတည်းနှင့် ပတ်သက်၍ ထုတ်ပြန်ချက်တစ်စောင်လည်း ထုတ်ပြန်ခဲ့ပြီး စွမ်းအင်၊ စားရေရိက္ခာ၊ ဘဏ္ဍာရေး၊ ထောက်ပံ့ရေးကွင်းဆက်များနှင့် ပြည်ပရှိ အာဆီယံနိုင်ငံသားများအား ကာကွယ်စောင့်ရှောက်ရေးတို့ အပါအဝင် ဒေသတွင်းခံနိုင်ရည်အားကို ပိုမိုခိုင်မာစေရန် အစီအစဉ်များကို ဖော်ပြထားကြောင်း သိရသည်။

ဆင်ဟွာ

ကျောက်တလုံးကြီးမြို့၌ စာဖတ်ရိုက်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

ကျောက်တလုံးကြီး မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့၌ စာကြည့်တိုက်သို့ မလာရောက်နိုင်သည့် စာဖတ်ပရိသတ်များအတွက် စာအုပ်များ အလွယ်တကူ ငှားရမ်းဖတ်ရှုနိုင်ရန် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများကို ယနေ့နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်သည်။

ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာနဝန်ထမ်းများက စာဖတ်ရိုက်မြှင့်တင်ရေး သုတ၊ ရသ စာအုပ်များကို ပြည်သူများအလွယ်တကူ ငှားရမ်းဖတ်ရှုနိုင်ရန် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများဖြင့် လစဉ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဇော်နိုင်လင်း

မိုးနဲမြို့နယ်၌ သဘာဝမြေသြဇာ လက်တွေ့ပြုလုပ်နည်းပညာပေး

မိုးနဲ မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ အီးအမ်ဘိုကာရှိသဘာဝမြေသြဇာပြုလုပ်ခြင်းနှင့် သုံးစွဲပုံ သုံးစွဲနည်းများကို မေ ၁၀ ရက်က နမ့်မော်ဆွမ့်ကျေးရွာ တောင်သူဦးစိုင်းသန်းထွန်း၏ လယ်မြေနေရာ၌ လက်တွေ့ပြုလုပ်ဆောင်ရွက်သည်။

သဘာဝမြေသြဇာသုံးစွဲခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော ဒေသထွက်ကုန်များ ရရှိလာနိုင်ရေး၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲခြင်း၏ အကျိုးကျေးဇူးများကို သိရှိနိုင်စေရန်အတွက်

ရည်ရွယ်၍ နည်းပညာပေး လက်တွေ့ပြုသ ဆောင်ရွက်ရခြင်းဖြစ်ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အီးအမ်ဘိုကာရှိ သဘာဝမြေသြဇာများ လက်တွေ့ပြုလုပ်ပြီး နည်းပညာပေး သရုပ်ပြဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

ကလေးဝမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ ပြိုင်ပွဲကျင်းပ

ကလေးဝ မေ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ ၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ပိုစတာပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီက အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။

ပန်းချီပြိုင်ပွဲတွင် အလယ်တန်း၊ မူလတန်း စုစုပေါင်း ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပိုစတာပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း စုစုပေါင်း ၁၇ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဇော်ဇော်အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စစ်ကိုင်းမြို့၌ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ အခြေခံသင်တန်းဖွင့်ပွဲကျင်းပ

စစ်ကိုင်း မေ ၁၁

စစ်ကိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ရေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းမျက်မြင်ကျောင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားကို ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုဝန်ထမ်းမူကြိုကျောင်းနှင့် ပုဂ္ဂလိက မူကြိုကျောင်း ၁၇ ကျောင်းမှ ကျောင်းအုပ်ကြီးများ တက်ရောက်ကြပြီး သင်တန်းသား ၃၅ ဦးဖြင့် ၂၁ ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

နတ်မောက်မြို့နယ်၌ ရေစီးရေလာ ကောင်းမွန်ရေး ရှင်းလင်းဆောင်ရွက်

နတ်မောက် မေ ၁၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေး စက်ယန္တရားဖြင့် ယမန်နေ့က နတ်မောက်-တောင်တွင်းလမ်းမြို့အထွက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့တွင်းရှိ ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရန် နတ်မောက်-တောင်တွင်းလမ်းမြို့အထွက် ဆိုင်းဘုတ်အနီး မြေသားမြောင်းအတွင်းပိတ်ဆို့နေသော အမှိုက်၊ သဲနုန်းများကို ဆယ်ယူ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လှဝင်း

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့်ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီညြာဓာတ်နှင်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

ပညာရေးဖြင့် တည်ဆောက်သော ငြိမ်းချမ်းရေး ပဋိပက္ခကင်းစင်သည့် အနာဂတ်ဆီသို့

"ပညာရေးသည် ကမ္ဘာကြီးကို ပြောင်းလဲပစ်ရန် အသုံးပြုနိုင်သည့် အစွမ်းထက်ဆုံးသော လက်နက်ဖြစ်သည်။"ဟု ကမ္ဘာကျော် ငြိမ်းချမ်းရေးခေါင်းဆောင်ကြီး နယ်လ်ဆင် မင်ဒဲလား (Nelson Mandela)က ဆိုခဲ့ပါသည်။ ဤစကားရပ်သည် ပညာရေး၏ အခန်းကဏ္ဍကို စာသင်ခန်းအတွင်းဌာနတင် မရပ်တန့်ဘဲ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ အသွင်ကူးပြောင်းမှု (Social Transformation)အထိ မျှော်မှန်းထားခြင်း ဖြစ်ပါသည်။

ဇော်သုတ(အခြေခံပညာ)

- **❖ အခြေခံပညာကျောင်းများတွင် ဥပဒေအခြေခံများကို ထည့်သွင်းသင်ကြားပေးခြင်းနှင့် တက္ကသိုလ်အသီးသီး၌ ဥပဒေပညာဘွဲ့များ ပေးနိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်ခြင်းတို့သည် တရားဥပဒေ စိုးမိုးရေးအတွက် ခိုင်မာသောခြေလှမ်းများဖြစ်**
- **❖ ဥပဒေကို သိရှိနားလည်သော နိုင်ငံသားတစ်ဦးသည် မိမိ၏ ရပိုင်ခွင့်နှင့် တာဝန်ကို ခွဲခြားသိမြင်နိုင်သကဲ့သို့၊ ပဋိပက္ခများကိုလည်း ဥပဒေဘောင်အတွင်းမှ ငြိမ်းချမ်းစွာဖြေရှင်းတတ်သော အလေ့အကျင့်ကောင်းများကို ပိုင်ဆိုင်လာမည်ဖြစ်**

ငြိမ်းချမ်းရေးပညာရေးသည် ယနေ့ခေတ်ကမ္ဘာကြီးနှင့် ကျွန်ုပ်တို့နိုင်ငံအတွက် မရှိမဖြစ် လိုအပ်သော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ပညာရေးပညာရှင် Edward James Olmos တင်စားသကဲ့သို့ **"Education is the vaccine for violence", "ပညာရေးသည် အကြမ်းဖက်မှုအတွက် ကာကွယ်ဆေးဖြစ်သည်"။** အနာဂတ်မျိုးဆက်သစ်များအား အသိပညာ၊အတတ်ပညာသာမက စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် ဥပဒေအသိအမြင်များ ပျိုးထောင်ပေးခြင်းက ပဋိပက္ခများကို အမြစ်ပြတ်ချေမှုန်းနိုင်မည့် အထိရောက်ဆုံးသော နည်းလမ်းပင်ဖြစ်ပါသည်။

ယခု ဆောင်းပါးသည်ငြိမ်းချမ်းရေးပညာရေးကို အောက်ပါကဏ္ဍကြီး ၄ ရပ်ဖြင့် ချိတ်ဆက်တင်ပြသွားမည်ဖြစ်ပါသည် –

၁။ ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်နှင့် ငြိမ်းချမ်းရေးပညာရေး

ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းနှင့် ခိုင်မာသော အဖွဲ့အစည်းများ တည်ဆောက်ရေးတွင် ပညာရေး၏ အခန်းကဏ္ဍ။

၂။ ဥပဒေမှသည် ငြိမ်းချမ်းရေးဆီသို့၊ တရားဥပဒေ စိုးမိုးရေးနှင့် ပညာရေးမဏ္ဍိုင်

နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပညာရေးဥပဒေများမှတစ်ဆင့် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ခြင်း။

၃။ ပဋိပက္ခကို နားလည်ခြင်းနှင့် ညှိနှိုင်းဖြေရှင်းခြင်း

အသိပညာ အားနည်းမှုကြောင့် ဖြစ်ပေါ်လာသည့် သွေးထိုးလှုံ့ဆော်မှုများကို Critical Thinking နှင့် Negotiation Skills တို့ဖြင့် အောင်နိုင်ခြင်း။

၄။ မြန်မာ့ပညာရေးစနစ်တွင် လက်တွေ့ကျင့်သုံးခြင်း၊ သင်ရိုးညွှန်းတမ်းမှသည် ငြိမ်းချမ်းရေးနှလုံးသားဆီသို့

မြန်မာကဗျာနှင့် စာပေများမှတစ်ဆင့် Diversity in Harmony (မတူကွဲပြားမှုကြားမှ သဟဇာတဖြစ်ခြင်း)ကို ပုံဖော်ခြင်း။

ကျွန်ုပ်တို့သည် မျက်ကန်းယုံကြည်မှုများမှ လွတ်မြောက်ကာ မိမိကိုယ်ပိုင်အသိဉာဏ်ဖြင့် အမှားအမှန်ကို ခွဲခြားနိုင်ပြီး တစ်ဦးနှင့်တစ်ဦး အမှန်တကယ် လိုအပ်နေကြသူများ (We Need Each Other) ဖြစ်ကြောင်း သိမြင်လာစေရန် ပညာရေးက လမ်းပြပေးမည်ဖြစ်ပါသည်။ စာသင်နန်းအတွင်း ငြိမ်းချမ်းရေးမျိုးစေ့များကို စနစ်တကျမျိုးထောင်ခြင်းဖြင့် ပိုမိုသာယာလှပသော အနာဂတ်ဆီသို့ အတူတူရှေ့ဆက်ရပါမည်။

၁။ ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်နှင့် ငြိမ်းချမ်းရေးပညာရေး (SDG Goal 16 & Goal 4.7)

ကုလသမဂ္ဂက ချမှတ်ထားသောစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် "Sustainable Development Goals" (SDG) ၁၇ ခုအနက် ပန်းတိုင် ၁၆မှာ **"ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် ခိုင်မာသော အဖွဲ့အစည်းများတည်ဆောက်ရေး"** ဖြစ်ပါသည်။ ဤပန်းတိုင်ကို အကောင်အထည်ဖော်ရာတွင် ပညာရေးသည် ရိုးရိုးသာမန်သင်ကြားမှုတစ်ခုမဟုတ်ဘဲ လူ့အဖွဲ့အစည်းကို အသွင်ကူးပြောင်းပေးနိုင်သည့် အဓိက မဏ္ဍိုင်တစ်ခုအဖြစ် ရပ်တည်နေပါသည်။

ငြိမ်းချမ်းရေးကို ဦးတည်သော ရည်မှန်းချက်များ (Key Targets)

ငြိမ်းချမ်းရေးပညာရေးသည် နိုင်ငံတကာ စံနှုန်းများနှင့်အညီ အောက်ပါရည်မှန်းချက်များကို အောင်မြင်စေရန် ပံ့ပိုးပေးပါသည်–

- **Target 16.2 (ကလေးသူငယ်များ ဘေးကင်းလုံခြုံရေး)** ကလေးသူငယ်များအား အကြမ်းဖက်မှု၊ နိပ်စက်ညှဉ်းပန်းမှုနှင့် ခေါင်းပုံဖြတ်မှု အမျိုးမျိုးမှ ကာကွယ်ရန်မှာ စာသင်ခန်းအတွင်း ငြိမ်းချမ်းသော ပညာရေးပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းမှ စတင်ပါသည်။ ဆရာ ဆရာမများ၏ နွေးထွေးသော လမ်းပြမှုသည် ကလေးများအား အကြမ်းဖက်မှ ကင်းစင်သော စိတ်ဓာတ်များ ရင့်သန်စေပါသည်။
- **Target 16.a (နိုင်မာသော အဖွဲ့အစည်းများ)** အမျိုးသားအဆင့် အဖွဲ့အစည်းများကို အားကောင်းစေပြီး အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုများကို တားဆီးရန်မှာ နိုင်ငံသားတိုင်း၏ ငြိမ်းချမ်းရေးအမြင်အပေါ်တွင် မူတည်ပါသည်။ ဥပဒေကို လေးစားလိုက်နာတတ်သော လူ့အဖွဲ့အစည်းတစ်ခု ဖြစ်ရန် ပညာရေးက အခြေခံပေးရပါမည်။

SDG Goal 4.7 နှင့် ငြိမ်းချမ်းရေး ယဉ်ကျေးမှု

SDG ပန်းတိုင် ၄ ၏ ရည်မှန်းချက် ၄.၇ တွင် ကျောင်းသားအားလုံးသည် **"ငြိမ်းချမ်းရေးနှင့် အကြမ်းမဖက်ရေးယဉ်ကျေးမှုကို မြှင့်တင်ခြင်း (Promotion of a culture of peace and non-violence)"** ဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများကို ရရှိရန် လိုအပ်ကြောင်း အလေးထားဖော်ပြထားပါသည်။ ယင်းသည် ကျွန်ုပ်တို့၏ အပိုင်း(၄)တွင် ဖော်ပြခဲ့သည့် သင်ရိုးညွှန်းတမ်းပါ Diversity in Harmony (မတူကွဲပြားမှုကြားမှ သဟဇာတဖြစ်ခြင်း) အယူအဆနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။

ပညာရေး၏ ဘက်စုံကဏ္ဍ

ငြိမ်းချမ်းရေးပညာရေးသည် ကျောင်းသားတစ်ဦးအား အောက်ပါဘက်စုံကဏ္ဍများ ပြည့်စုံစေရန် ပျိုးထောင်ပေးခြင်းဖြစ်သည် –

- **ဗဟုသုတနှင့် ကျွမ်းကျင်မှု။** ပဋိပက္ခ၏ အကြောင်းရင်းကို သိမြင်ခြင်းနှင့် ညှိနှိုင်းဖြေရှင်းတတ်ခြင်း ။
- **စိတ်နေသဘောထားနှင့် တန်ဖိုးထားမှု။** တစ်ဦးပေါ်တစ်ဦး စာနာနားလည်မှုနှင့် မတူကွဲပြားမှုများကို လေးစားတန်ဖိုးထားခြင်း။
- **ယုံကြည်ချက် ။** "ငြိမ်းချမ်းရေးသည်သာ တစ်ခုတည်းသော ဖြေရှင်းချက် ဖြစ်သည်" ဟူသော ခိုင်မာသည့် ခံယူချက်။

၂။ ဥပဒေမှသည် ငြိမ်းချမ်းရေးဆီသို့ တရားဥပဒေ စိုးမိုးရေးနှင့် ပညာရေးမဏ္ဍိုင်

မြန်မာနိုင်ငံ၏ အနာဂတ်ကို ငြိမ်းချမ်းစွာ တည်ဆောက်ရာတွင် နိုင်ငံသား မူဝါဒလမ်းညွှန်ချက်များနှင့် ဥပဒေအသိပညာသည် အရေးပါသော အုတ်ဖြစ်များ ဖြစ်ကြပါသည်။

နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့် ဥပဒေအသိပညာ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က **"ပညာရေးသည် အတတ်ပညာသာမက အသိပညာပါ ပြည့်စုံရမည်ဖြစ်ကြောင်း၊ ပြည်သူ့အားလုံး ဥပဒေကို သိရှိလိုက်နာမှသာ အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း"** လမ်းညွှန်ထားပါသည်။

ဤလမ်းညွှန်ချက်အရ အခြေခံပညာကျောင်းများတွင် ဥပဒေအခြေခံများကို ထည့်သွင်းသင်ကြားပေးခြင်းနှင့် တက္ကသိုလ်အသီးသီး၌ ဥပဒေပညာဘွဲ့များပေးနိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်ခြင်းတို့သည် **တရားဥပဒေစိုးမိုးရေး**အတွက် ခိုင်မာသော ခြေလှမ်းများဖြစ်ပါသည်။ ဥပဒေကို သိရှိနားလည်သော နိုင်ငံသားတစ်ဦးသည် မိမိ၏ ရပိုင်ခွင့်နှင့် တာဝန်ကို ခွဲခြားသိမြင်နိုင်သကဲ့သို့၊ ပဋိပက္ခများကိုလည်း ဥပဒေဘောင်အတွင်းမှ ငြိမ်းချမ်းစွာ ဖြေရှင်းတတ်သော အလေ့အကျင့်ကောင်းများကို ပိုင်ဆိုင်လာမည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပါ တန်းတူညီမျှမှုဆိုင်ရာ အာမခံချက်

ငြိမ်းချမ်းရေး၏ အခြေခံမှာ ခွဲခြားမှုကင်းစင်ခြင်း ဖြစ်သည်။

- **ပုဒ်မ ၃၄၈** – နိုင်ငံတော်သည် မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဓာတ်မြစ်၊ ကိုးကွယ်သည့် ဘာသာ၊ ရာထူး၊ အဆင့်အတန်း၊ ယဉ်ကျေးမှုနှင့် ကျား/မ ကွဲပြားမှုတို့ပေါ် အခြေခံ၍ ခွဲခြားမှုမပြုရဟု အာမခံထားသည်။
- **ပုဒ်မ ၃၄၉** – နည်းပညာနှင့် သိပ္ပံဆိုင်ရာ လေ့လာမှုများတွင် တန်းတူညီမျှခွင့်ရှိခြင်းသည် ပညာရေးဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်ရန် ဥပဒေကြောင်းအရ ပံ့ပိုးပေးထားခြင်းဖြစ်သည်။

SDG Goal 16 နှင့် အမျိုးသားပညာရေးမူဝါဒ

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် (၁၆) ပါ Peaceful and Inclusive Societies ဖြစ်လာစေရန် မြန်မာနိုင်ငံ၏ ပညာရေးမူဝါဒများသည် အောက်ပါအတိုင်း ချိတ်ဆက်နေပါသည်–

၁။ ကလေးတစ်ဦးမျှ နောက်ကျမကျန်ရစ်စေရေး – အခွင့်ရေး တန်းတူညီမျှမှုအတွက် အခြေခံဖြစ်သည်။

၂။ ခွဲခြားမှုမရှိစေရေး – မတူကွဲပြားမှုများ အကြား သဟဇာတဖြစ်အောင် သင်ကြားပေးခြင်း ဖြစ်သည်။

၃။ ကျောင်းထွက်နှုန်းမရှိစေရေး – လူငယ်များ လမ်းမှား မရောက်စေရန် ပညာရေးက ကာကွယ်ပေးခြင်းဖြစ်သည်။

၄။ သင်ယူမှုဆုံးရှုံးမှုမရှိစေရေး – အသိပညာ ကွာဟချက်ကြောင့် ဖြစ်ပေါ်လာမည့်ပဋိပက္ခများကို တားဆီးပေးသည်။

ငြိမ်းချမ်းရေးပညာရေး၏ ပန်းတိုင် (၆) ရပ်

ငြိမ်းချမ်းရေးပညာရေးကို ပန်းပွင့်တစ်ပွင့်၏ ပုံသဏ္ဌာန်ဖြင့် တင်စားကြည့်မည်ဆိုပါက ထိပန်းပွင့်တွင် ပါဝင်သော **ပွင့်ဖတ်(၆)ခု**သည် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာစေရန်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံ တန်ဖိုးများပင် ဖြစ်ပါသည်။

ယင်းပွင့်ဖတ်တစ်ခုချင်းစီတွင် ပါဝင်သော ပန်းတိုင်များနှင့် အနှစ်သာရများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

၁။ ပဋိပက္ခနှင့် မငြိမ်းချမ်းမှုများ ချုပ်ငြိမ်းရေး

စာသင်ခန်းအတွင်းမှစ၍ အကြမ်းဖက်မှုနှင့် ပဋိပက္ခများကို လက်မခံဘဲ၊ ငြိမ်းချမ်းသော နည်းလမ်းဖြင့် ရှင်သန်လိုသည့် စိတ်ဓာတ်ကို ပျိုးထောင်ပေးခြင်းဖြစ်ပါသည်။

၂။ တရားမျှတမှုနှင့် စာနာစိတ်ဖြင့် အတူယှဉ်တွဲနေထိုင်ရေး

လူမှုအသိုက်အဝန်းအတွင်း တရားမျှတမှုကို တန်ဖိုးထားပြီး တစ်ဦးပေါ်တစ်ဦး စာနာနားလည်မှုဖြင့် အတူတကွသဟဇာတဖြစ်အောင် ရှင်သန်တတ်စေရန် ရည်ရွယ်ပါသည်။

၃။ လူ့အခွင့်အရေးနှင့် တာဝန်ယူမှု

မိမိ၏ ရပိုင်ခွင့်များကို သိရှိရုံတင်မကဘဲ သူတစ်ပါးအပေါ် ထားရှိရမည့် တာဝန်နှင့် ဝတ္တရားများကို တန်ဖိုးထား လေးစားတတ်စေရန် ဖြစ်ပါသည်။

၄။ ယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းရေး

မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို တန်ဖိုးထားကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်မာသောစိတ်ဓာတ်ဖြင့် တည်ဆောက်ခြင်းဖြစ်ပါသည်။

၅။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှင်သန်ရေး

သဘာဝပတ်ဝန်းကျင်ကိုမြတ်နိုးတန်ဖိုးထားပြီး မိမိ၏ ပတ်ဝန်းကျင်ဂေဟစနစ်နှင့် သဟဇာတဖြစ်အောင် နေထိုင်တတ်သော အလေ့အကျင့်ကို ပျိုးထောင်ပေးပါသည်။

၆။ တစ်ဦးချင်းစီ၏ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်အေးချမ်းရေး

ပြင်ပလောက ငြိမ်းချမ်းရန်အတွက် မိမိ၏ စိတ်အတွင်း၌ ဦးစွာ တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါသည်။ ကိုယ်ပိုင်အသိဉာဏ်ဖြင့် မိမိကိုယ်မိမိ ထိန်းကျောင်းနိုင်ခြင်းသည် ငြိမ်းချမ်းရေး၏ အစပင် ဖြစ်ပါသည်။

ဤပွင့်ဖတ် ၆ ခုသည် တစ်ခုနှင့်တစ်ခု အမှီသဟပြုနေကြပြီး ၎င်းတို့အားလုံး ပေါင်းစပ်လိုက်သည့်အခါမှသာ စစ်မှန်သော **"ငြိမ်းချမ်းရေး ပညာရေး"** ဟူသော လှပသည့် ပန်းပွင့်ကြီး တစ်ပွင့်အဖြစ် ပွင့်လန်းလာမည်ဖြစ်ပါသည်။ *စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

ကျွန်ုပ်တို့၏ ကျောင်းသားလူငယ်များအား ဤတန်ဖိုး ခြောက်ခုဖြင့် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် နိုင်ငံတော်၏ အနာဂတ်ကို ငြိမ်းချမ်းသော ရောင်ခြည်များဖြင့် ဆေးခြယ်ပေးခြင်းပင် ဖြစ်ပါတော့သည်။

၃။ ပဋိပက္ခကို နားလည်ခြင်းနှင့် ညှိနှိုင်းဖြေရှင်းခြင်း (အသိပညာဖြင့် တည်ဆောက်သော စိတ်ဓာတ် လုံခြုံရေး)

ပညာရေးနှင့် ငြိမ်းချမ်းရေးသည် ခွဲခြား၍မရသော ဒွန်တွဲနေသည့် အနှစ်သာရများ ဖြစ်ကြသည်။ ပညာရေးသည် စာသင်ခန်းအတွင်းသို့သာ တည်ရှိသည်မဟုတ်ဘဲ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုနှင့် တိုက်ရိုက်သက်ဆိုင်နေပါသည်။

"ကျွန်ုပ်တို့၏ ကလေးငယ်များကို ငြိမ်းချမ်းရေး အကြောင်း မသင်ကြားပေးနိုင်ပါက တစ်စုံတစ်ယောက်က သူတို့ကို အကြမ်းဖက်မှု အကြောင်း သင်ကြားပေးပါလိမ့်မည်။"

"Unless we teach our children peace, somebody teach them violence." ဟု ငြိမ်းချမ်းရေးပညာရှင် **ကိုးလ်မန် မက္ကာသီ (Colman Mc Carthy)**က သတိပေးခဲ့ပါသည်။

ဤသတိပေးချက်သည် လက်တွေ့ဘဝတွင် ပညာရေးအားနည်းချက်များကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို မီးမောင်းထိုးပြနေခြင်း ဖြစ်သည်။

ပညာရေးအားနည်းချက်မှသည် နိုင်ငံရေးပြဿနာများဆီသို့

ဤအချက်သည် ပညာရေးစနစ်အတွင်း ဝေဖန်ပိုင်းခြားနိုင်စွမ်းနှင့် ငြိမ်းချမ်းရေးပညာရေး၏ အရေးပါပုံကို အထူးပြုနေပါသည်။ ပညာရေးအားနည်းချက်ကြောင့် အမှားအမှန်ကို ကိုယ်ပိုင် ဉာဏ်ဖြင့် မပိုင်းခြားနိုင်သည့်အခါ၊ လူငယ်များသည် ပြင်ပမှ သွေးထိုးလှုံ့ဆော်မှုများနှင့် အမုန်းစကားများ၏သားကောင် ဖြစ်သွားတတ်ပါသည်။ PDF အမည်ခံ သောင်းကျန်းသူများ ပေါ်ပေါက်လာခြင်း၏ အရင်းအမြစ်လည်းဖြစ်သည်။ ထို့ကြောင့် Colman Mc Carthy ၏ ဆိုစကားအရ ကျွန်ုပ်တို့၏ စာသင်ခန်းမှ ကလေးများကို ငြိမ်းချမ်းရေးအကြောင်း သင်ပေးရန်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာစေရေးအတွက် မဟာဗျူဟာတစ်ရပ်ပင် ဖြစ်ပါသည်။

ပဋိပက္ခ၏ ဖြစ်ဖျားခံရာကို ဆန်းစစ်ခြင်း

ပဋိပက္ခများကို အသိပညာဖြင့် ထိရောက်စွာ ဖြေရှင်းနိုင်ရန်အတွက် ၎င်းတို့ မည်သည့်နေရာမှ စတင်ဖြစ်ပေါ်လာသည်ကို ဦးစွာ နားလည်ရန် လိုအပ်ပါသည်။ ပဋိပက္ခများကို ကြည့်ရှုဆန်းစစ်ရာတွင် နေကာမျက်မှန်၏ မှန်ဘီလူးများကဲ့သို့ပင် ကျွန်ုပ်တို့ ရှုမြင်သည့် ရှုထောင့်အပေါ် မူတည်၍ ပြဿနာ၏ အရောင်အသွေးသည် ပြောင်းလဲသွားတတ်ပါသည်။ ထို့ကြောင့် ပဋိပက္ခတစ်ခု၏ အရင်းအမြစ်ကို ဖော်ထုတ်ရန်အတွက် အောက်ပါ**မှန်ဘီလူး (၃) ရပ်**ဖြင့် ဆန်းစစ်ကြည့်သင့်ပါသည်–

- **လိုအပ်ချက်**

ရှင်သန်ရပ်တည်မှုအတွက် မရှိမဖြစ် လိုအပ်သော အခြေခံအရာများ (ဥပမာ–အစားအစာ၊ ရေ၊ ဝိုလှုံရာနှင့် ဘေးကင်းလုံခြုံမှု)ကြောင့် ဖြစ်ပေါ်လာသော ပဋိပက္ခများဖြစ်ပါသည်။

- **မည်သူမည်ဝါဖြစ်မှု**

ဘာသာစကား၊ လူမျိုး၊ ယဉ်ကျေးမှုနှင့် မိမိ၏ ဖြစ်တည်မှုဆိုင်ရာ အမှတ်အသားများအပေါ် အခြေခံ၍ ဖြစ်ပေါ်လာသော ပဋိပက္ခများဖြစ်ပါသည်။

- **တန်ဖိုးထားမှု**

ကိုယ်ကျင့်တရားဆိုင်ရာ စံနှုန်းများ၊ ဘာသာရေး ယုံကြည်ချက်များနှင့် ခိုင်မာသော ခံယူချက်များ မတူညီမှုကြောင့် ဖြစ်ပေါ်လာသော ပဋိပက္ခများ ဖြစ်ပါသည်။

မည်သည့် မှန်ဘီလူးသည် အခြားတစ်ခုထက် ပို၍သာလွန်သည် သို့မဟုတ် ညံ့ဖျင်းသည်ဟု မရှိသော်လည်း မှန်ဘီလူးတစ်ခုချင်းစီက ပဋိပက္ခ၏ အကြောင်းရင်းကို မတူညီသော ရှုထောင့်များမှ ဖော်ပြပေးနိုင်ပါသည်။ ဤမှန်ဘီလူးများကို နားလည်ခြင်းဖြင့် ကျွန်ုပ်တို့သည် တစ်ဖက်လူ၏ ရပ်တည်ချက်ကို ပိုမိုစာနာနားလည်နိုင်ပြီး **"ငါမှန်တယ်၊ မင်းမှားတယ်"**ဟူသော တစ်ဖက်သတ် အစွန်းရောက်အမြင်များမှ ကင်းဝေးစေမည်ဖြစ်ပါသည်။

ဤကဲ့သို့ ပဋိပက္ခ၏ အရင်းအမြစ်ကို ကိုယ်ပိုင် အသိဉာဏ်ဖြင့် ခွဲခြားသိမြင်နိုင်ခြင်းသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုအတွက် အဓိကကျသော စိတ်ပိုင်းဆိုင်ရာ ခုခံစွမ်းအားကို တည်ဆောက်ပေးခြင်းပင် ဖြစ်ပါတော့သည်။

အောင်မြင်သော ညှိနှိုင်းမှုဆီသို့

အသိပညာ ပြည့်ဝသော ကျောင်းသားတစ်ဦးသည် လက်တွေ့ဘဝတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့် ပြဿနာများကို အကြမ်းဖက်နည်းဖြင့် မဟုတ်ဘဲ အပြုသဘောဆောင်သော **ညှိနှိုင်းခြင်း** နည်းလမ်းဖြင့် ဖြေရှင်းတတ်ရပါမည်။ ညှိနှိုင်းမှု ဟူသည် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကျိုးရှိစေမည့် လမ်းစကို ရှာဖွေခြင်းဖြစ်ပြီး ယင်းအတွက် အောက်ပါအဆင့်မြင့် ကျွမ်းကျင်မှု ငါးရပ်ကို လေ့ကျင့်ပျိုးထောင်ရန် လိုအပ်ပါသည်–

- **မိမိ၏ ရည်မှန်းချက်ကို ရှင်းလင်းစွာသိခြင်း**

ညှိနှိုင်းမှု မစတင်မီ မိမိအမှန်တကယ် လိုချင်သော ရလဒ်နှင့် ပန်းတိုင်ကို တိကျစွာ သိရှိနေရန် လိုအပ်ပါသည်။ သို့မှသာ ဆွေးနွေးမှုအတွင်း မိမိ၏ မူလရည်ရွယ်ချက် ပျောက်ဆုံးမသွားဘဲ ထိရောက်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်သည်။

- **လူနှင့် ပြဿနာကို ခွဲခြားဖြင်ခြင်း**

အင်ငြင်းပွားမှုများ ဖြစ်ပေါ်လာသည့်အခါ တစ်ဖက်လူ၏ ပုဂ္ဂိုလ်ရေးကို တိုက်ခိုက်ခြင်းမျိုး မပြုဘဲ ရင်ဆိုင်နေရသော "ပြဿနာ" ကိုသာ အဓိကထား ဖြေရှင်းရပါမည်။ ဤသည်မှာ ပုဂ္ဂိုလ်ရေး အာဃာတများကို ရှောင်လွှဲနိုင်မည့် အကောင်းဆုံး နည်းလမ်းဖြစ်သည်။

- **မေးခွန်းမေးမြန်း၍ နားထောင်ခြင်း**

တစ်ဖက်လူ၏ လိုအပ်ချက်နှင့် စိုးရိမ်ပူပန်မှုများကို မှန်ကန်စွာ သိမြင်နိုင်ရန်မှာ မေးခွန်းများကို မှန်ကန်စွာ မေးမြန်းခြင်းနှင့် စိတ်ရှည်စွာ နားထောင်ခြင်းတို့အပေါ်တွင် မူတည်ပါသည်။

- **တူညီသော စိတ်ဝင်စားမှုများကို ရှာဖွေခြင်း**

အမြင်မတူညီမှုများကြားမှ နှစ်ဖက်လုံး သဘောတူညီနိုင်မည့် ဘုံအကျိုးစီးပွားများကို ရှာဖွေဖော်ထုတ်ခြင်းက ငြိမ်းချမ်းသော သဘောတူညီချက်ဆီသို့ လမ်းခင်းပေးပါသည်။

- **ဖန်တီးမှုရှိသော နည်းလမ်းများကို ရှာဖွေခြင်း**

ပုံသေဖြေရှင်းချက်များထက် အားလုံးအတွက် အကျိုးရှိစေမည့် ဆန်းသစ်သော နည်းလမ်းသစ်များကို အသိဉာဏ်ဖြင့် ကြံဆဖော်ထုတ်ခြင်းဖြစ်ပါသည်။

ဤကဲ့သို့သော ညှိနှိုင်းမှု ကျွမ်းကျင်မှုများသည် ကျောင်းသားလူငယ်များအား အမုန်းစကားနှင့် သွေးထိုးလှုံ့ဆော်မှုများကြားတွင် အသိဉာဏ်ဖြင့် ရပ်တည်နိုင်စေရုံမက နိုင်ငံတော်အတွက် အေးချမ်းသာယာသော လူမှုဝန်းကျင်ကို တည်ဆောက်ပေးမည့် **Responsible Citizens** များအဖြစ် ပုံဖော်ပေးမည်ဖြစ်ပါသည်။

Win–Win အနှစ်သာရနှင့် အနာဂတ်

ရလဒ်အနေဖြင့် တစ်ဖက်ကနိုင်ပြီး ကျန်တစ်ဖက်က ရှုံးနိမ့်သော **အနိုင်– အရှုံး** သို့မဟုတ် တစ်ဖက်စီက အနည်းငယ်စီ လျှော့ပေးရသော **အပေးအယူ**တို့ထက် အားလုံး၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် **အနိုင်–အနိုင်**ဟူသော အပြုသဘောဆောင်သည့် နည်းလမ်းကို ဦးတည်ရပါမည်။

အုန်းသီးတစ်လုံးကို ဝေမျှစားသုံးသည့် ပုံပြင်ကဲ့သို့ပင် အုန်းရည်သောက်လိုသူနှင့် အုန်းသီးဆံစားလိုသူတို့၏ လိုအပ်ချက်ကို မှန်ကန်စွာ သိမြင်ခြင်းက အားလုံးကို အကျိုးရှိစေပါသည်။ ထို့အတူ ပညာရေးမှတစ်ဆင့် ရရှိလာသော အသိပညာသည် ကျွန်ုပ်တို့၏ လူငယ်များအား သွေးထိုးလှုံ့ဆော်မှုများကြားတွင် အမှားအမှန်ကို သိမြင်စေပြီး နိုင်ငံတော်ကို ငြိမ်းချမ်းသာယာသော အနာဂတ်ဆီသို့ ပို့ဆောင်ပေးနိုင်မည်မှာ ဧကန်မလွဲပင် ဖြစ်ပါသည်။

၄။ မြန်မာ့ပညာရေးစနစ်တွင် လက်တွေ့ကျင့်သုံးခြင်း၊ သင်ရိုးညွှန်းတမ်းမှသည် ငြိမ်းချမ်းရေးနှလုံးသားဆီသို့

မြန်မာနိုင်ငံ၏ ပညာရေးသင်ရိုးညွှန်းတမ်းသစ်က ကျောင်းသားများအား အသိပညာဗဟုသုတသာမက မတူကွဲပြားမှုများကို လက်ခံနားလည်ကာ အတူယှဉ်တွဲ ရှင်သန်နေထိုင်တတ်သည့် **Diversity in Harmony** ဟူသော အယူအဆကို အခြေခံထားပါသည်။ စာသင်ခန်းအတွင်းရှိ ဘာသာရပ်တိုင်းသည် ငြိမ်းချမ်းရေး၏ အခြေခံအုတ်မြစ်များပင် ဖြစ်သည်။

သင်ရိုးညွှန်းတမ်းအတွင်းရှိ ငြိမ်းချမ်းရေး အနှစ်သာရများ

ပညာရေးဆိုသည်မှာ စာအုပ်ထဲမှ အချက်အလက်များကို အလွတ်ကျက်မှတ်ခြင်းထက် စာပေများက ပေးသော အနှစ်သာရကို ခံစားနားလည်ခြင်း ဖြစ်သည်။

- **မြန်မာကဗျာနှင့် ငြိမ်းချမ်းရေး**

ကျွန်ုပ်တို့၏ သင်ရိုးညွှန်းတမ်းပါ ကဗျာများတွင် သဘာဝတရား၏ အလှတရား၊ အပြန်အလှန် ရိုင်းပင်းကူညီမှုနှင့် ငြိမ်းချမ်းသော လူ့အသိုက်အဝန်းကို တန်ဖိုးထားသည့် ရသများ ပါဝင်နေသည်။ ၎င်းကဗျာများကို သင်ကြားရာတွင် ဆရာ ဆရာမများက "အလှတရားသည် ငြိမ်းချမ်းခြင်းမှ စတင်သည်" ဟူသော အတွေးကို ပျိုးထောင်ပေးခြင်းဖြင့် ကျောင်းသားများ၏ စိတ်နလုံးကို နူးညံ့စေပါသည်။

- **အင်္ဂလိပ်စာနှင့် ကမ္ဘာလုံးဆိုင်ရာအမြင်**

အင်္ဂလိပ်စာ ဖတ်စာအုပ်များရှိ ဆောင်းပါးများသည် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို အလေးပေးထားပါသည်။ ဤစာပေများသည် ကျောင်းသားများအား မိမိနိုင်ငံတင်မကဘဲ ကမ္ဘာကြီးနှင့် ချိတ်ဆက်ကာ ငြိမ်းချမ်းရေးကို ရှုမြင်တတ်စေရန် လမ်းပြပေးနေခြင်းဖြစ်သည်။

ကျွမ်းကျင်သော သင်ကြားမှုနည်းစနစ်နှင့် ငြိမ်းချမ်းရေး

ဆရာ ဆရာမများသည် သင်ကြားမှုနည်းစနစ်တွင် ကျွမ်းကျင်လိမ္မာသူများ ဖြစ်လာသည့်အခါ သင်ခန်းစာတိုင်းကို ငြိမ်းချမ်းရေး သင်ခန်းစာ အဖြစ် ပြောင်းလဲနိုင်ပါသည်။

- **Dialogue Over Violence**

ဆရာသည် စာသင်ခန်းအတွင်း သဘောထားကွဲလွဲမှုများကို **ဆွေးနွေးညှိနှိုင်းခြင်း (Dialogue)** နည်းလမ်းဖြင့် ဖြေရှင်းပြခြင်းဖြင့် ကျောင်းသားများအား အကြမ်းဖက်နည်းထက် စကားပြောဆိုခြင်း၏ စွမ်းအားကို လက်တွေ့ပြသနိုင်သည်။

- **Critical Thinking in Society**

လူမှုအဖွဲ့အစည်းအတွင်း ဖြစ်ပေါ်နေသော ပဋိပက္ခများကို အချက်အလက်နှင့် ယုတ္တိဗေဒ(Logic) သုံး၍ ဝေဖန်ပိုင်းခြားတတ်အောင် လေ့ကျင့်ပေးခြင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုအတွက် အဓိကကျသော **Mental Immunity** ကို တည်ဆောက်ပေးခြင်းဖြစ်သည်။

Glocal Citizenship နှင့် အတူယှဉ်တွဲ နေထိုင်ခြင်း

- **စာရိတ္တနှင့် ပြည်သူ့နီတိ**

မိမိ၏ရပိုင်ခွင့်ကို သိရှိသကဲ့သို့ သူတစ်ပါးအပေါ် ထားရှိရမည့် တာဝန်နှင့်ဝတ္တရားများကို ငယ်စဉ်ကတည်းက လေ့ကျင့်ပေးခြင်းသည် ငြိမ်းချမ်းရေး၏ အဓိက သော့ချက်ဖြစ်သည်။

- **Diversity as Strength**

မတူကွဲပြားမှုသည် အားနည်းချက်မဟုတ်ဘဲ "အားသာချက်" ဖြစ်ကြောင်း၊ မတူညီသော ပန်းရောင်စုံဖြင့် အလှဆင်ထားသော ပန်းခြံကဲ့သို့ပင် မတူညီသော ယဉ်ကျေးမှုများ ပေါင်းစပ်ခြင်းသည် နိုင်ငံတော်ကို ပိုမိုလှပစေကြောင်း သင်ကြားပေးရပါမည်။

အနှစ်ချုပ်ရသော် ငြိမ်းချမ်းရေးသည် သင်ရိုးညွှန်းတမ်းထဲမှ စာသားသက်သက်မဟုတ်ဘဲ ဆရာ ဆရာမများ၏ ကျွမ်းကျင်လိမ္မာသော လမ်းညွှန်မှု၊ စာပေထဲမှ အဖိုးတန်ရသများနှင့် လက်တွေ့ကျင့်သုံးမှုတို့ ပေါင်းစပ်မှုမှ ထွက်ပေါ်လာသော အကျိုး ရလဒ် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ကျောင်းသားများက မိမိယဉ်ကျေးမှုကို တန်ဖိုးထားသကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများကိုပါ နားလည်သော **Glocal Citizens** များအဖြစ် ပွင့်လန်းလာသည့်အခါ ပဋိပက္ခများ လျော့နည်း၍ ငြိမ်းချမ်းသာယာသော နိုင်ငံတော်သစ်ကို ပိုင်ဆိုင်နိုင်မည်မှာ ဧကန်မလွဲပင် ဖြစ်ပါသည်။

စစ်မှန်သော အသိပညာဖြင့် ပုံဖော်မည့် ငြိမ်းချမ်းရေးခရီးစဉ်

အနှစ်ချုပ်ရသော် ယခုဆောင်းပါးတွင် တင်ပြခဲ့သည့် အပိုင်း (၁)ပါ SDG ရည်မှန်းချက်များက အပိုင်း (၂) ပါ ဥပဒေကြောင်းဆိုင်ရာ အုတ်မြစ်များ၊ အပိုင်း (၃) ပါ ပဋိပက္ခဖြေရှင်းခြင်း ကျွမ်းကျင်မှုများနှင့် အပိုင်း (၄) ပါ သင်ရိုးညွှန်းတမ်းအတွင်း လက်တွေ့ကျင့်သုံးမှုများကို ပေါင်းစပ်ပေးသည့် **"ဦးခေါင်း"** ကဲ့သို့ ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များကို နားလည်ခြင်းဖြင့် ကျွန်ုပ်တို့၏ ကျောင်းသားများသည် မျက်ကန်းယုံကြည်မှုများမှ လွတ်မြောက်ကာ မိမိနိုင်ငံနှင့် ကမ္ဘာကြီးအတွက်ပါ အကျိုးပြုနိုင်သော စစ်မှန်သော **Glocal Citizens** များအဖြစ် ပွင့်လန်းလာမည်ဖြစ်ပါသည်။

နိဂုံးချုပ်သုံးသပ်ချက်

ငြိမ်းချမ်းရေးပညာရေး (Peace Education) သည် ကျောင်းသင်ရိုးညွှန်းတမ်း (Formal Curriculum) ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သင့်ပါသည်။ ဥပဒေအသိပညာနှင့် ငြိမ်းချမ်းရေးအယူအဆများ ပေါင်းစပ်သွားသည့်အခါ ကျောင်းသားများသည် မိမိကိုယ်မိမိ ယုံကြည်မှုရှိသကဲ့သို့ သူတစ်ပါးအပေါ် လေးစားမှုရှိသော၊ ဥပဒေဘောင်အတွင်းမှ စနစ်တကျ ရှင်သန်နိုင်သော **Responsible Citizens**များ အဖြစ် ပွင့်လန်းလာမည်ဖြစ်ပါသည်။ ဤသည်မှာ နိုင်ငံတော်အတွက် အေးချမ်းသာယာသော ဒီမိုကရေစီ နိုင်ငံသစ်ဆီသို့ လျှောက်လှမ်းရာတွင် အခိုင်မာဆုံးသော အုတ်မြစ်ပင် ဖြစ်ပါတော့သည်။

ရှေ့ဆက်ရမည့် ငြိမ်းချမ်းရေးခရီးစဉ်

ငြိမ်းချမ်းရေးပညာရေးသည် နိုင်ငံတော်၏ ရေရှည်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် တန်ဖိုးအရှိဆုံးသော ရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။ ပညာရေးအားနည်းမှုကြောင့် ဖြစ်ပေါ်လာသည့် အသိပညာကွာဟချက်များက နိုင်ငံရေး ပြဿနာများနှင့် သွေးထိုးလှုံ့ဆော်မှုများအတွက် အခွင့်အလမ်းများ ဖြစ်သွားနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ကျောင်းသားလူငယ်များအား ဥပဒေ အသိပညာနှင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းတို့ဖြင့် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးရန်မှာ အခြေခံ အကျဆုံး တာဝန်ပင်ဖြစ်ပါသည်။

ကမ္ဘာကျော်ပညာရေးပညာရှင် **မာရီယာ မွန်တက်ဆိုရီ (Maria Montessori)** ဆိုခဲ့သလိုပင် **"ပညာရေးသည် ငြိမ်းချမ်းရေးအတွက် အကောင်းဆုံးသော လက်နက်"** ဖြစ်သကဲ့သို့ သင်ရိုးညွှန်းတမ်းအတွင်းရှိ မြန်မာကဗျာများနှင့် စာပေများက ပေးသော မတူကွဲပြားမှုကြားမှ သဟဇာတဖြစ်ခြင်း အယူအဆများသည်လည်း ကျွန်ုပ်တို့အား တစ်ဦးနှင့်တစ်ဦး အမှန်တကယ်လိုအပ်နေကြသူများ ဖြစ်ကြောင်း သိမြင်လာစေရန် လမ်းပြပေးလျက်ရှိပါသည်။

အီမန်နျူရယ် ဂျလ် (Emmanuel Jal) ဆိုခဲ့သကဲ့သို့ **"ပညာရေးသည် ငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသော ဖြေရှင်းချက်"** ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် မျက်ကန်းယုံကြည်မှုများမှ လွတ်မြောက်ကာ ပဋိပက္ခများကို အပြုသဘောဆောင်သော **Win–Win** နည်းလမ်းဖြင့် ဖြေရှင်းတတ်သည့် **Glocal Citizens** များအဖြစ် ပွင့်လန်းလာစေရန် စာသင်ခန်းများအတွင်း ငြိမ်းချမ်းရေး မျိုးစေ့များကို စနစ်တကျ ဆက်လက်ပျိုးထောင်ရင်း ပိုမိုသာယာလှပသော အနာဂတ်ဆီသို့ အတူတူ ရှေ့ဆက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့ – မျက်ကန်းယုံကြည်မှုမှ စစ်မှန်သော ဉာဏ်ရည်ဆီသို့"

နိုင်ငံ့သားကောင်း တာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည်ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅။
(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇။
(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၃၀၈၁ ၊ ၀၆၇၃၄၃၃၀၈၅။

စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ

မုံရွာမြို့၌ အခွန်ဆိုင်ရာရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

မုံရွာ မေ ၁၁

ပြည်တွင်းအခွန်များဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၌ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို မေ ၈ ရက်က ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးအောင်ကိုက အခွန်ဆိုင်ရာမူဝါဒများနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စား (MSME)၊ အခွန်ဆိုင်ရာကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးပြီး အခွန်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မုဒုံမြို့၌ မျိုးသန့်မျိုးပွားမျိုးစေ့ (Rs) ပေးအပ်

မုဒုံ မေ ၁၁

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် မိုးစပါးစိုက်ပျိုးမည့် မျိုးစေ့ထုတ် တောင်သူများအတွက် မျိုးသန့်မျိုးပွားမျိုးစေ့ (Rs) ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးနှင့် လွတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဘဲရစ်ကျေးရွာတွင် မျိုးသန့် မျိုးပွား မျိုးစေ့ထုတ်မည့် လယ်ဧက ၅၀ တောင်သူ ၁၇ ဦးအား မိုးစပါး(ပေါ်ဆန်းရင်) မျိုးစေ့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**

ပခုက္ကူမြို့၌ လက်ရက်ကန်းဒီဇိုင်း တီထွင်ဆန်းသစ်မှု နည်းပညာသင်တန်းဖွင့်

ပခုက္ကူ မေ ၁၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ လက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း၌ အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် လက်ရက်ကန်းဒီဇိုင်း တီထွင်ဆန်းသစ်မှု နည်းပညာသင်တန်း ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က သင်တန်း စည်းမျဉ်း စည်းကမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများနှင့် လက်ရက်ကန်းနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ကြသည်။ သင်တန်းကို မေ ၁၁ ရက်မှ ဇွန် ၉ ရက်အထိနှင့် ဒီဇိုင်းအထူးပြုသင်တန်းကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁ ရက်အထိ သင်တန်းသား သင်တန်းသူ ၁၀ ဦးအား သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘာမီသာ (ပခုက္ကူ)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကျွန်းလှမြို့နယ်၌ မိုးမြေပဲ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသ

ကျွန်းလှ မေ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ မိုးမြေပဲစိုက်ပျိုးသော ဒေသခံတောင်သူများ ကုန်ကျစရိတ်သက်သာပြီး လုပ်ငန်းခွင် တွင်ကျယ်စေရန်အတွက် ယနေ့နံနက်ပိုင်းက မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသသည်။

ထို့နောက် ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက မိုးမြေပဲမျိုးစေ့ချကိရိယာဖြင့် လက်တွေ့စိုက်ပျိုးနေခြင်းကို ကြည့်ရှုကြပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

ထန်းတပင်မြို့နယ်၌ ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်

ထန်းတပင် မေ ၁၁

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်အောင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ခြင်းအကြောင်းအရာကို ပြောကြားသည်။ ထို့နောက် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား ရည်မှန်းချက် တာဝန်များ ပေးအပ်သည်။ **မြို့နယ်(ပြန်/ဆက်)**

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
နေပြည်တော်
(လျှောက်လွှာခေါ်ယူခြင်း)

၁။ အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ဘာသာရပ်ဌာနများတွင် လစ်လပ်လျက်ရှိသော နည်းပြ သရုပ်ပြ (လစာနှုန်းကျပ် ၂၁၆၀၀–၂၀၀၀–၂၁၆၀၀) များ ခန့်ထားမည်ဖြစ်ပါသဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသော လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အခမဲ့ရယူ၍ဖြစ်စေ၊ သတင်းစာပါပုံစံကို ကွန်ပျူတာစာစီ၍ ဖြစ်စေ **၅–၆–၂၀၂၆ ရက်၊ သောကြာနေ့** နေ့လယ်ဆုံးထားပြီး လူကိုယ်တိုင်ဖြစ်စေ၊ အမြန်နှောင်ဖြင့်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်၍ဖြစ်စေ တင်သွင်းလျှောက်ထားနိုင်ပါသည် –

စဉ်	တက္ကသိုလ်၊ ဒီဂရီကောလိပ်များ	လျှောက်ထားနိုင်သည့်ဘာသာရပ်ဌာနများ
၁	ရန်ကုန်တက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စီတိပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ နိုင်ငံတကာဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံ ၁၀။ မနုဿဗေဒ ၁၁။ ရေးဟောင်းသုတေသနပညာ ၁၂။ ဓာတုဗေဒ ၁၃။ ရူပဗေဒ ၁၄။ ဂဏိတဗေဒ ၁၅။ ရုက္ခဗေဒ ၁၆။ ကုန်ထုတ်ဓာတုဗေဒ ၁၇။ ကွန်ပျူတာသိပ္ပံပညာ ၂၀။ စာကြည့်တိုက်နှင့် သတင်းအချက်အလက်ပညာ
၂	မန္တလေးတက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စီတိပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ နိုင်ငံတကာဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံ ၁၀။ မနုဿဗေဒ ၁၁။ ရေးဟောင်းသုတေသနပညာ ၁၂။ ဓာတုဗေဒ ၁၃။ ရူပဗေဒ ၁၄။ ဂဏိတ ၁၅။ ရုက္ခဗေဒ ၁۷။ ကုန်ထုတ်ဓာတုဗေဒ ၁၈။ ကွန်ပျူတာသိပ္ပံပညာ ၂၀။ စီးပွားရေးပညာ
၃	ရန်ကုန်စီးပွားရေး တက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ ဘောဂဗေဒ ၅။ အသုံးချဘောဂဗေဒ ၆။ ဝါဏိဇ္ဇဗေဒ ၇။ စာရင်းအင်းပညာ ၈။ စီမံခန့်ခွဲမှုပညာ ၉။ အသုံးချစာရင်းအင်းပညာ
၄	ရန်ကုန်ပညာရေး တက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ စီးပွားရေးပညာ ၆။ ပညာရေးသဘောတရားနှင့် ပညာရေးစီမံခန့်ခွဲမှု ၇။ သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်း ၈။ ပညာရေးစိတ် ၉။ ကာယနှင့် ကျောင်းကျန်းမာရေး
၅	မော်လမြိုင်တက္ကသိုလ်	၁။ ဒဿနိကဗေဒ ၂။ စီတိပညာ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ ၅။ အဏ္ဏဝါသိပ္ပံ
၆	ရန်ကုန်အဝေးသင် တက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စီတိပညာ ၇။ ရုက္ခဗေဒ ၈။ စီးပွားရေးပညာ
၇	တောင်ကြီးတက္ကသိုလ်	၁။ စီတိပညာ ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ
၈	စစ်ကိုင်းပညာရေး တက္ကသိုလ်	၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဓာတုဗေဒ ၅။ စီးပွားရေးပညာ ၆။ ပညာရေးသဘောတရားနှင့် ပညာရေးစီမံခန့်ခွဲမှု ၇။ သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်း ၈။ ပညာရေးစိတ် ၉။ ကာယနှင့် ကျောင်းကျန်းမာရေး
၉	ဒဂုံတက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စီတိပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ သင်္ချာ ၁၀။ ရုက္ခဗေဒ ၁၁။ ဘူမိဗေဒ ၁၂။ ကုန်ထုတ်ဓာတုဗေဒ
၁၀	မကွေးတက္ကသိုလ်	၁။ စီတိပညာ
၁၁	ပုသိမ်တက္ကသိုလ်	၁။ စီတိပညာ ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ ၄။ အဏ္ဏဝါသိပ္ပံ
၁၂	ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ ဂျပန် (၉) ၊ ဂျာမန် ၁၀။ ရုရှား ၁၁။ တရုတ် ၁၂။ ပြင်သစ် ၁၃။ ထိုင်း ၁၄။ ကိုရီးယား ၁۷။ ဘာသာဗေဒ ၁۸။ စပိန် ၁၇။ အီတာလျှ
၁၃	စစ်တွေတက္ကသိုလ်	၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ စီတိပညာ ၆။ အရှေ့တိုင်းပညာ ၇။ ဘူမိဗေဒ ၈။ အဏ္ဏဝါသိပ္ပံ
၁၄	မုံရွာတက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ ဒဿနိကဗေဒ ၅။ စီတိပညာ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ နိုင်ငံတကာဆက်ဆံရေးပညာ ၉။ ဘူမိဗေဒ
၁၅	မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ ဂျပန် (၉) ၊ ဂျာမန် ၁၀။ ရုရှား ၁၁။ တရုတ် ၁၂။ ပြင်သစ် ၁၃။ ထိုင်း ၁၄။ ကိုရီးယား ၁၅။ ဘာသာဗေဒ ၁۶။ စပိန် ၁၇။ အီတာလျှ
၁۶	မြစ်ကြီးနားတက္ကသိုလ်	၁။ ဒဿနိကဗေဒ ၂။ စီတိပညာ ၃။ အရှေ့တိုင်းပညာ ၄။ သတ္တဗေဒ ၅။ ဘူမိဗေဒ
၁۷	မုံရွာစီးပွားရေး တက္ကသိုလ်	၁။ ဘောဂဗေဒ ၂။ အသုံးချဘောဂဗေဒ ၃။ ဝါဏိဇ္ဇဗေဒ ၄။ စာရင်းအင်းပညာ ၅။ စီမံခန့်ခွဲမှုပညာ
၁၈	မန္တလေး အဝေးသင် တက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စီတိပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ စီးပွားရေးပညာ
၁၉	တောင်ငူတက္ကသိုလ်	၁။ ပထဝီဝင် ၂။ သမိုင်း ၃။ ဒဿနိကဗေဒ ၄။ စီတိပညာ ၅။ အရှေ့တိုင်းပညာ ၆။ ရုက္ခဗေဒ ၇။ ဘူမိဗေဒ
၂၀	ပြည်တက္ကသိုလ်	၁။ ပထဝီဝင် ၂။ သမိုင်း ၃။ ဒဿနိကဗေဒ ၄။ စီတိပညာ ၅။ အရှေ့တိုင်းပညာ ၆။ ဘူမိဗေဒ
၂၁	ထားဝယ်တက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စီတိပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဘူမိဗေဒ ၁၀။ အဏ္ဏဝါသိပ္ပံ
၂၂	ရတနာပုံတက္ကသိုလ်	၁။ ပထဝီဝင် ၂။ သမိုင်း ၃။ ဒဿနိကဗေဒ ၄။ စီတိပညာ ၅။ မနုဿဗေဒ ၆။ ဘူမိဗေဒ
၂၃	ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်	၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ စီတိပညာ ၆။ အရှေ့တိုင်းပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ မနုဿဗေဒ ၉။ ရုက္ခဗေဒ ၁၀။ ဘူမိဗေဒ
၂၄	မိတ္ထီလာတက္ကသိုလ်	၁။ ဥပဒေပညာ ၂။ ဘူမိဗေဒ
၂၅	ပခုက္ကူတက္ကသိုလ်	၁။ မြန်မာစာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ ၆။ ဘူမိဗေဒ
၂۶	မိတ္ထီလာ စီးပွားရေး တက္ကသိုလ်	၁။ ဘောဂဗေဒ ၂။ အသုံးချဘောဂဗေဒ ၃။ ဝါဏိဇ္ဇဗေဒ ၄။ စာရင်းအင်းပညာ ၅။ စီမံခန့်ခွဲမှုပညာ
၂۷	ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်	၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ ၆။ ရုက္ခဗေဒ ၇။ ဘူမိဗေဒ
၂၈	ကျောက်ဆည်တက္ကသိုလ်	၁။ သမိုင်း ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ ၅။ ဘူမိဗေဒ
၂၉	ဟသ်တတက္ကသိုလ်	၁။ သမိုင်း ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ
၃၀	ပင်လုံတက္ကသိုလ်	၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ ၆။ ဘူမိဗေဒ
၃၁	မအူပင်တက္ကသိုလ်	၁။ ဒဿနိကဗေဒ ၂။ ဥပဒေပညာ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ
၃၂	ဘားအံတက္ကသိုလ်	၁။ ပထဝီဝင် ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ
၃၃	ကလေးတက္ကသိုလ်	၁။ ပထဝီဝင် ၂။ ဥပဒေပညာ ၃။ အရှေ့တိုင်းပညာ ၄။ ရုက္ခဗေဒ ၅။ ဘူမိဗေဒ
၃۴	မြိတ်တက္ကသိုလ်	၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ ၄။ အဏ္ဏဝါသိပ္ပံ
၃၅	လှိုင်ကော်တက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ သတ္တဗေဒ ၉။ ရုက္ခဗေဒ ၁၀။ ဘူမိဗေဒ
၃۶	လားရှိုးတက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ
၃۷	ကျိုင်းတုံတက္ကသိုလ်	၁။ သမိုင်း ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ
၃၈	ပဲခူးတက္ကသိုလ်	၁။ သမိုင်း ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ ၅။ ဘူမိဗေဒ
၃၉	ရွှေဘိုတက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ရုက္ခဗေဒ ၉။ ဘူမိဗေဒ
၄၀	စစ်ကိုင်းတက္ကသိုလ်	၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ ၆။ ဘူမိဗေဒ
၄၁	ရေနံချောင်းတက္ကသိုလ်	၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ
၄၂	မြင်းခြံတက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ သတ္တဗေဒ ၈။ ရုက္ခဗေဒ ၉။ ဘူမိဗေဒ
၄၃	စီးပြည်တက္ကသိုလ်	၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ သတ္တဗေဒ ၅။ ရုက္ခဗေဒ ၆။ ဘူမိဗေဒ
၄၄	အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်	၁။ အင်္ဂလိပ်စာ ၂။ အရှေ့တိုင်းပညာ ၃။ ဘောဂဗေဒ ၄။ စာရင်းအင်းပညာ ၅။ သတင်းအတတ်ပညာ ၆။ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုပညာ ၇။ စီမံခန့်ခွဲမှုနှင့်ဝါဏိဇ္ဇဗေဒ
၄၅	မန္တလာတက္ကသိုလ်	၁။ သမိုင်း ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ ၅။ စီးပွားရေးပညာ ၆။ ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုပညာ
၄۶	ဟားခါးတက္ကသိုလ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ
၄۷	ဟုမ္မလင်းဒီဂရီကောလိပ်	၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ

၂။ လျှောက်ထားသူသည် –

(က) တည်ဆဲနိုင်ငံသားဖြစ်မူဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။

(၁) သက်ဆိုင်ရာဘာသာရပ်နှင့် ဆက်စပ်ဘာသာရပ်များတွင် ဘွဲ့ရရှိပြီး မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အရည်အချင်းပြည့်မီသူ (သို့မဟုတ်) ဂုဏ်ထူးတန်းဘွဲ့ရရှိပြီး မဟာဘွဲ့သင်တန်း တက်ရောက်ရန် အဆင့်မီသူ (သို့မဟုတ်) မဟာဘွဲ့ရရှိသူ (သို့မဟုတ်) ပါရဂူဘွဲ့ရရှိသူ ဖြစ်ရမည်။

(၂) ဘောဂဗေဒ/အသုံးချဘောဂဗေဒ ဘာသာရပ်ဌာနအတွက် ဘောဂဗေဒ/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ/ ဖွံ့ဖြိုးမှုပညာဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MPA)/ ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS) ရရှိပြီးသူဖြစ်ပါက ပထမဆုံးသည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(၃) စာရင်းအင်းပညာ/အသုံးချစာရင်းအင်းပညာဘာသာရပ်ဌာနအတွက် စာရင်းအင်းပညာ/လူဦးရေပညာဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။ အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (MAS) ရရှိပြီးသူဖြစ်ပါက ပထမဆုံးသည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ဖြစ်ရမည်။

(၄) ဝါဏိဇ္ဇဗေဒ/စီမံခန့်ခွဲမှုပညာ/စီမံခန့်ခွဲမှုနှင့် ဝါဏိဇ္ဇဗေဒဘာသာရပ်ဌာနအတွက် ဝါဏိဇ္ဇဗေဒ/စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ/ စာရင်းကိုင်ပညာ/စီးပွားရေးလုပ်ငန်းသုံးစီမံခန့်ခွဲမှုပညာဘာသာရပ်တွင် မဟာအရည်အချင်းစစ် သင်တန်းတက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ (MBA)/ ဘဏ္ဍာလုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့ (MBF)/ဈေးကွက်စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MMM)/အာမခံလုပ်ငန်းဆိုင်ရာ မဟာဘွဲ့ (MI) ရရှိပြီးသူဖြစ်ပါက ပထမဆုံးသည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ဖြစ်ရမည်။

(၅) ခရီးသွားလုပ်ငန်းပညာဘာသာရပ်ဌာနအတွက် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာဘာသာရပ်/ BA(Tourism)/ BA(Tourism Management) ဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ ဧည့်ဝတ်နှင့် ခရီးသွားရေး စီမံခန့်ခွဲမှုမဟာဘွဲ့ (MHTM) ရရှိပြီးသူဖြစ်ပါက ပထမဆုံးသည် အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ဖြစ်ရမည်။

(ဆ) စီးပွားရေးပညာဘာသာရပ်ဌာနအတွက် အသိအမှတ်ပြုသည့် တက္ကသိုလ်တစ်ခုခုမှ စီးပွားရေးပညာဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ရရှိပြီး မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(၇) **၂၀၂၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့**တွင် မဟာအရည်အချင်းစစ်သင်တန်းတက်ရန် အဆင့်မီသူများနှင့် မဟာတန်း တက်ရောက်ရန် အဆင့်မီသူများဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ မဟာဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက်(၃၈)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက အသက် (၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(၈) လက်ရှိတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းဖြစ်ပါက **၂၀၂၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့**တွင် အသက် (၄၀)နှစ် ထက် မကျော်လွန်သူ ဖြစ်ရမည်။

(၉) အစိုးရဌာနတစ်ခုခု၏ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal) ခံရသူများ လျှောက်ထားခွင့် မရှိပါ။

၃။ လျှောက်လွှာနှင့်အတူ (၂)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာ(မိတ္တူ)၊ နောက်ဆုံးနှစ်အမှတ်စာရင်း(မူရင်း)၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ (၁)လအတွင်း ထောက်ခံချက်(မူရင်း)နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ (၁)လအတွင်း ထောက်ခံချက်(မူရင်း) တို့ကို ပူးတွဲတင်ပြရမည်။ (လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖေါ်ပြပါ အထောက်အထား(မူရင်း)များကို တစ်ပါတည်း ယူဆောင်လာရန်ဖြစ်သည်။)

၄။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ရေးဖြေဓာဓေးပွဲဝင်ရောက်ဖြေဆိုပြီး၊ အောင်ဖြင့်လျှင် လူတွေ့စာဓေးပွဲ ဖြေဆိုရမည်။

၅။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့စာဓေးပွဲကိုသာ ဖြေဆိုရမည်။

၆။ ရေးဖြေစာဓေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပြီး ဖြေဆိုရမည့် ခုံအမှတ်နှင့် နေရာကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည် –

စဉ်	ရေးဖြေ ဖြေဆိုရမည့် ဘာသာရပ်	နေ့ရက်၊ အချိန်
(က)	မြန်မာစာ	၂၀–၆–၂၀၂၆ နံနက် (၉)နာရီ မှ (၁၀)နာရီ
(ခ)	အင်္ဂလိပ်စာ	၂၀–၆–၂၀၂၆ နံနက် (၁၀)နာရီ မှ (၁၁)နာရီ
(ဂ)	အထွေထွေဗဟုသုတ	၂၀–၆–၂၀၂၆ နံနက် (၁၁)နာရီ မှ (၁၂)နာရီ

၇။ လူတွေ့စာဓေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ၂၁–၆–၂၀၂၆ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

ဘတ်ပုံ

သို့

ပါမောက္ခချုပ်/ကျောင်းအုပ်ကြီး

---------- တက္ကသိုလ်/ဒီဂရီကောလိပ်

ရက်စွဲ၊ ----------

အကြောင်းအရာ။ နည်းပြ/ သရုပ်ပြ ရာထူးလျှောက်ထားခြင်း

၁။ ---------- တက္ကသိုလ်/ဒီဂရီကောလိပ်တွင် လစ်လပ်လျက်ရှိသော ---------- ဘာသာရပ် နည်းပြ/သရုပ်ပြ ရာထူးသို့ လျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော်/ကျွန်မနှင့်ပတ်သက်သော အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် –

(က) အမည် ----------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------

(ဂ) မွေးသက္ကရာဇ် ----------

(ဃ) လူမျိုး ----------

(င) ကိုးကွယ်သည့်ဘာသာ ----------

(စ) လက်ရှိပညာအရည်အချင်းနှင့် ----------
အောင်မြင်သည့်နှစ် ----------

(ဆ) အဖအမည် ----------
အမျိုးသားမှတ်ပုံတင်အမှတ်/ ----------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------
အလုပ်အကိုင်၊ ဌာန ----------

(ဇ) အမိအမည် ----------
အမျိုးသားမှတ်ပုံတင်အမှတ်/ ----------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------
အလုပ်အကိုင်၊ ဌာန ----------

(ဈ) ဝန်ထမ်းဖြစ်လျှင် ----------
အလုပ်အကိုင်နှင့် ဌာန ----------

(ည) ဆက်သွယ်ရန်နေရပ်လိပ်စာ အပြည့်အစုံ ----------
ဖုန်းနံပါတ် ----------

(ဋ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ ဖုန်းနံပါတ် ----------

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းတို့ကို ပူးတွဲပေးပို့အပ်ပါသည် –

(က) လိုင်စင်အရွယ်ဓာတ်ပုံ (၂)ပုံ

(ခ) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာ (မိတ္တူ)

(ဂ) နောက်ဆုံးနှစ်အမှတ်စာရင်း/CGPA (မူရင်း)

(ဃ) အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် (မိတ္တူ)

(c) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ (၁)လအတွင်း ထောက်ခံချက် (မူရင်း)

(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ (၁)လအတွင်း ထောက်ခံချက် (မူရင်း)

(ဆ) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်

(ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)

၄။ နည်းပြ/သရုပ်ပြရာထူး ခန့်သားခြင်းခံရပါက အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်/ ဒီဂရီကောလိပ်များတွင် အလုပ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ (၅)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည် (ခန့်အပ်ခံရသည့် တက္ကသိုလ်/ ဒီဂရီကောလိပ်တွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်)ကို သိရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိပါက ဌာနမှသတ်မှတ်ထားသည့် လျော်ကြေးငွေကို ပေးလျော်မည်ဖြစ်ကြောင်း သိရှိပါသည်။

လေးစားစွာဖြင့်

လက်မှတ် ၊ ----------

ရက်စွဲ၊ - - ၂၀၂၆ အမည် ၊ ----------

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နေပြည်တော်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်မည် ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်/ ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	Lot No	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်
၁။	1	ပုဗ္ဗသီရိမြို့	ဗျင်းမနားခရိုဘာရုံး (၀၊ ၂၀၀ x ၀၊ ၁၄၀ x ၃၆၀) အဆောက်အအုံ ပြန်လည်ပြုပြင်ခြင်း၊ အသစ်အစားထိုး ဆောင်ရွက်ခြင်းနှင့် ဆက်စပ် အဆောက်အအုံများ ပြုပြင်ခြင်း (မြို့ပြပရောသန့်၊ လျှပ်စစ်)
၂။	2	ပျဉ်းမနားမြို့	ပျဉ်းမနားမြို့နယ်တရားရုံး (၁၅၇ ၀၀x ၇၂ ၀၀x ၁၈ ၀၀) အဆောက်အအုံ ပြန်လည်ပြုပြင်ခြင်း၊ အသစ် အစားထိုး ဆောင်ရွက်ခြင်း(မြို့ပြ၊ ရေသန့်၊ လျှပ်စစ်)၊ တရားခွင် (၂) ခု (၀၀၄၀ x ၀၀၃၀) ထပ်တိုး ဆောင်ရွက်ခြင်း၊ (တရားသူကြီး နားနေခန်းများနှင့် တရားခွင်များ Aircon များ တပ်ဆင်ခြင်း အပါအဝင်)
၃။	3	ပျဉ်းမနားမြို့	ပျဉ်းမနားခရိုင် တရားသူကြီး နေအိမ် (၀၆၅x ၀၀၃၀ x ၀၀ ၂၀) အဆောက်အအုံပြန်လည်ပြုပြင်ခြင်း၊ အသစ်အစားထိုး ဆောင်ရွက်ခြင်း(မြို့ပြ၊ ရေသန့်၊ လျှပ်စစ်)
၄။	4	ဒဂွီဏာသီရိမြို့	လယ်ဝေးခရိုင်တရားရုံး အုတ်ဖြစ်ညီးရိုး (၀၆ ၁၂၀၀ x ၇ ၀၀)၊ ဘလိတ်ဆူးကြိုး (၁) ထပ်အပါကာရံခြင်း၊ ဂိတ်တံခါး (၀၆၂၀ x ၇ ၀၀) (၂)ပေါက်ပြုလုပ်ခြင်း၊ ရုံးရေမျက်နှာစာ ဆိုင်းဘုတ်ပြုလုပ်ခြင်း၊ ဂရင်းနိုက်ကပ်ခြင်း (၇၀ စ/ဝ၀) မြေပြုပြင်ခြင်းနှင့် မြေဖိခြင်း (၂၉၂၇ ကျင်း)

၂။ တင်ဒါလျှောက်လွှာ

(က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	- ၁၈ - ၅ -၂၀၂၆ ရက် (တနင်္လာနေ့)
(ခ) တင်ဒါပုံးထည့်ရောင်းပိတ်မည့်ရက်	- ၂၉ - ၅ - ၂၀၂၆ ရက် (သောကြာနေ့)
(ဂ) တင်ဒါပုံစံတင်သွင်းရမည့်နေ့ရက်	- ဘတ်ဂျက်နှင့်ထောက်ပံ့ငွေနှင့် ထောက်ပံ့ဌာနနဲ့
(ဃ) တင်ဒါနေ့နာရီဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန်	- ၄- ၆ - ၂၀၂၆ ရက်(ကြာသပတေးနေ့) (၁၆:၀၀)နာရီတိတိ
(င) တင်ဒါဖွင့်မည့်ရက်	- တင်ဒါတင်သွင်းသူများကို ဆက်သွယ် အကြောင်းကြားမည် ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို တစ်စုံစီလျှင် သတ်မှတ်နှုန်း ထားအတိုင်း ရုံးချိန်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဘဏ်ဂျက်နှင့် ထောက်ပံ့ဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဘဏ်ဂျက်နှင့်ထောက်ပံ့ဌာန၊ ဖုန်း-၀၆၇-၃၄၃၀၃၂၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ရုံးအမှတ် ၅၄၊ နေပြည်တော်

ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၉၃၆၄၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

က.ညနေ၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့

ငြင်းချက်ထုတ်ရန် ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၂ နည်းဥပဒေ ၁ နှင့် ၅)
ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၈

ခေါ်အေးသီတာ နှင့် ၁။ ခေါ်ခင်ထားဝေ
၂။ ခေါ်ချိုချိုမွန်
တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀၈)ရပ်ကွက်၊ ကန်ဦး(၁)လမ်း၊ အမှတ်(၂၅၈)ရပ်ခေ ခေါ်ခင်ထားဝေ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက စာချုပ်စာတမ်းများကိုပယ်ဖျက်၍အိမ်ခြံမြေနှင့် ဂရန်စာချုပ် မှရင်းလက်ရောက်ရလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှန့်စာပါလျှင်းတို့ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ပေးပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၆ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလိုဏ်၏ အဆိုလွှာကို ထွေ့ချေ ရှင်းလင်းနိုင် လိုသလောရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ဖျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထွေ့ချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထွေ့ချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ (၁၁) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဟိန်းဒိုးထွန်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂွီဏာသီရိမြို့၊ဒဂွီဏာသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒဂွီဏာသီရိ အလယ်ရပ်၊ မြေကွက်အမှတ်(၃-၃၀၁၃)၊ မြေဧရိယာ(၀.၁၄၆)ဧကရှိ ဦးဝင်းနိုင် (၁၅)ဦးထွန်းရှိန် ၁၂/လမနန(နိုင်)၀၄၅၅၉၀ အမည်ပေါက် နှစ် (၃၀)မြောင်းစာချုပ် မြေကွက်ကို ဦးဝင်းနိုင်မှ ခေါ်ခြေသြင်ပင် (၁၅)ဦးညီမောင် ၇/ပန၊(နိုင်)၁၄၅၀၃၃ နှင့် အရောင်းအယ်မှတ်ပုံတင်စာချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဖြိုပြစီမံကိန်းနှင့်မြေဓိမ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဆီ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

ဖြိုပြစီမံကိန်းနှင့်မြေဓိမခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နှစ်ဦးသဘောတူ ကွာရှင်းပြတ်ခဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် အေးချစ်သာယာရပ်ကွက်၊ ဗိလတ်ဘာယာ လမ်းနေ ကျွန်တော် ကိုဗြိုး ၇/ဝမန(နိုင်)၁၄၉၁၀၆နှင့် မနှင်းစုလှိင် ၇/ဝမန (နိုင်) ၁၉၃၀၂၉ တို့သည်၂၀၁၂ ခုမှစ၍ အကြင်လင်မယားအဖြစ်ထိမ်းမြားလက်ထပ်ခဲ့ ကြပြီး သားတစ်ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါ ကျွန်တော် ကိုဗြိုးနှင့် မနှင်းစု လွှင်ပတ်ဒီသည်တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် (၂၃-၄-၂၀၂၆)ရက်၌ ဖြိုပယ်တရားရုံး တရားသူကြီးရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင် မယားအဖြစ်မကွာရှင်းပြတ်ခဲခြင်းကတိစာချုပ်အား အသိသက်သေ များ ရှေ့မှောက်တွင်ပင် နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုချို တရားဝင်ကွာရှင်း ပြတ်ခဲခဲ့ကြပြီးဖြစ်ပါသည်။

ထိုသို့ တရားဝင်ကွာရှင်းပြတ်ခဲပြီးသည့် အချိန်မှစ၍ အိမ်ထောင်ရေးလူမှုရေး၊ စီးပွားရေးနှင့် သားသမီး ကိစ္စရပ်များတွင်လည်း တစ်ဦးနှင့်တစ်ဦး ပတ်သက် စပ်ဆိုင်ခြင်း အလျှင်းလုံးဝ(လုံးဝ) မရှိတော့ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ကိုဗြိုး ၇/ ဝမန(နိုင်)၁၄၉၁၀၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေနေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်လမ်း၊တံတား လုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်းအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်	- ၁၁-၅-၂၀၂၆ရက်၊ (တနင်္လာနေ့)
တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့်ရက်	- ၂၅-၅-၂၀၂၆၊ (တနင်္လာနေ့)
တင်ဒါ Deposit နောက်ဆုံး တင်သွင်းရမည့်ရက်	- ၂၅-၅-၂၀၂၆ရက်၊ (တနင်္လာနေ့)
တင်ဒါလျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက်	- ၂၆-၅-၂၀၂၆ရက်၊ (အင်္ဂါနေ့)
လုပ်ငန်းတင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာနှင့် လျှောက်လွှာနောက်ဆုံးပြန်လည် တင်သွင်းရမည့်နေရာ	- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဥဇ္ဇာရရိပ်/ လယ်ဝေးခရိုင်၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို သိရိုလိုပါက ၁၁-၅-၂၀၂၆ ရက်မှ ၂၅-၅-၂၀၂၆ ရက်အထိ ရုံးချိန်အတွင်း လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဥဇ္ဇာရရိပ်/ လယ်ဝေးခရိုင်၊ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန သို့ လာရောက်စုစမ်းပယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၂၆၀၀၂၅၇၅၊ ၀၉- ၇၉၇၇၁၄၇၃

တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ၊
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုဥပဒေအမိန့် - ၅၂၊ နည်းဥပဒေ-၂၀)
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂

ခေါ်ဟောမာမြိမ်းချမ်းအောင် (ငင်းစ၏အခွင့်ရကိုယ်စားလှယ် ခေါ်သိမ့်သာအောင်) နှင့် ခေါ်သန်းရင်
(တရားလို) (တရားပြိုင်)

